
စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# သိန်းဖေမြင့်

## သူတို့လင်မယား ၃၄ နှစ်



mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com



'သူတို့လင်မယား – ၃၄ နှစ်' သည် ဖြစ်ရပ်အမှန်
ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ဇာတ်လမ်း ဇာတ်ကွက်ကိုလည်းကောင်း၊
ဇာတ်ကောင်တို့ကိုလည်းကောင်း၊ စာရေးသူက
ဖန်တီးရခြင်းမရှိ။ ဤလောကတွင် တကယ်ဖြစ်သော
ဇာတ်လမ်းဇာတ်ကွက်နှင့် တကယ်ရှိသော ဇာတ်ကောင်တို့ကို
တကယ်ဖြစ်သည့်အတိုင်း၊ တကယ်ရှိသည့်အတိုင်း၊
စာရေးသူက ဖွဲ့နွဲ့ရေးသား တင်ပြထားသည်။
တကယ့်အရှိနှင့် တကယ့်အဖြစ်အပျက်တို့သည် (ဝါ)
တကယ့်ဘဝသည် စိတ်ကူးနှင့် ဖန်တီးထားသော
အရာတို့ထက် ထူးဆန်းသည်ဟု ဆိုလေ့ရှိကြ၏။
ဤစာရေးသူကား ထိုသို့ မဆိုချင်ပါ။
ဇာတ်ကောင်တို့ကလည်း မထူးဆန်း၊
ဇာတ်လမ်းဇာတ်ကွက်တို့ကလည်း မထူးဆန်းဘဲ၊
'သူတို့လင်မယား – ၃၄ နှစ်'ထဲမှ ဇာတ်ကောင်တွေ
မြန်မာ့လူဘောင်မှာ ထောင်သောင်းမကရှိ၍
သူတို့အဖြစ်အပျက်မျိုးတွေ
အများကြီးရှိသောကြောင့်တည်း။

ISBN9789997119971
TPM21
9 789997 119971
2,500.00KS

mgyoe.com

သူတို့လင်မယား - ၃၄ နှစ်၊ သိန်းဖေမြင့်
မျက်နှာဖုံးပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၁၇၈ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း အုပ်ရေ ၅၀၀၊
၁၉၇၇ စာပေဗိမာန်ထုတ် ပထမအကြိမ်မှ

ရောင်းဈေး ၂၅၀၀ ကျပ်



*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | နိဒါန်း | က |
| ၁။ | တစ်ခုသော ငွေရတုသဘင်မှ ဇာတ်ရုံတစ်ဦး | ၁ |
| ၂။ | တောသူဌေးသား ကိုကိုအေး | ၁၀ |
| ၃။ | ကေရာဇ်မြစ်၏ တန်ခိုး | ၂၂ |
| ၄။ | စံပြအလုပ်သမ မလှရီ | ၄၃ |
| ၅။ | လင်ဆိုးမယား တဖားဖား | ၆၁ |
| ၆။ | စာရေးကြီး၏ စည်းစိမ် | ၇၂ |
| ၇။ | ဆံပင်ဖြူ အပြန်အလှန်နုတ်ပေးကြရသည့် အရွယ်တိုင် | ၉၀ |
| ၈။ | အပွမာဒေန သမ္ပာဒေထ | ၁၀၁ |
| ၉။ | သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ | ၁၁၆ |
| ၁၀။ | တာဝန်ကိုယ်စီ ရှိကြသည် | ၁၂၉ |
| ၁၁။ | အဖြစ်တရားနှင့် အပျက်တရား တိုက်ပွဲဆင်ကြစဉ် | ၁၃၉ |
| ၁၂။ | မျက်နှာမငယ်ရသော မုဆိုးမ မလှရီ | ၁၆၁ |




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

'သူတို့လင်မယား – ၃၄ နှစ်' သည် ဖြစ်ရပ်အမှန် ဝတ္ထုတစ်ပုဒ် ဖြစ်သည်။

ဇာတ်လမ်း ဇာတ်ကွက်ကို လည်းကောင်း၊ ဇာတ်ကောင်တို့ကို လည်းကောင်း၊ စာရေးသူက ဖန်တီးရခြင်းမရှိ။ ဤလောကတွင် တကယ်ဖြစ်သော ဇာတ်လမ်း ဇာတ်ကွက်နှင့် တကယ်ရှိသော ဇာတ်ကောင်တို့ကို တကယ်ဖြစ်သည့်အတိုင်း၊ တကယ်ရှိသည့်အတိုင်း၊ စာရေးသူက ဖွဲ့နွဲ့ရေးသား တင်ပြထားသည်။ ထို့ကြောင့် 'သူတို့ လင်မယား– ၃၄ နှစ်' ကို ဖြစ်ရပ်အမှန်ဝတ္ထုဖြစ်သည်ဟု ဆိုလိုက်ရခြင်းပါ။

တကယ့်အရှိနှင့် တကယ့်အဖြစ်အပျက်တို့သည် (ဝါ) တကယ့်ဘဝသည် စိတ်ကူးနှင့် ဖန်တီးထားသော အရာတို့ထက် ထူးဆန်းသည်ဟု ဆိုလေ့ရှိကြ၏။ ဤစာရေးသူကား ထိုသို့ မဆိုချင်ပါ။ အထူးသဖြင့် 'သူတို့လင်မယား – ၃၄ နှစ်' နှင့်ပတ်သက်ပြီး ထိုသို့ မဆိုချင်ပါ။ အကြောင်းမူကား ဇာတ်ကောင်တို့ကလည်း မထူးဆန်း၊ ဇာတ်လမ်း ဇာတ်ကွက်တို့ကလည်း မထူးဆန်းဘဲ၊ 'သူတို့လင်မယား – ၃၄ နှစ်' ထဲမှ ဇာတ်ကောင်တွေ မြန်မာ့လူဘောင်မှာ ထောင်သောင်းမကရှိ၍ သူတို့ အဖြစ်အပျက်မျိုးတွေ အများကြီးရှိသောကြောင့်တည်း။

mgyoe.com

mgyoe.com


ဤဖြစ်ရပ်အမှန်ဝတ္ထုထဲတွင် စာရေးသူလည်း ဇာတ်ကောင်တစ်ဦးအဖြစ်ဖြင့် ပါဝင်နေသည်။ မြန်မာလူ့ဘောင်တွင် စာရေးသူလို အခြားပုဂ္ဂိုလ်ပေါင်းများစွာသည်လည်း 'သူတို့လင်မယား – ၃၄ နှစ်' ထဲမှ အဓိကဇာတ်ကောင် (ဝါ) ဇာတ်လိုက်မင်းသားဖြစ်သူ ကိုအေးမောင်လို လူတွေကို တွေ့မြင်ဖူးကြပါလိမ့်မည်။ တွေ့မြင်ရုံမက စာရေးသူလိုပင် ဆက်ဆံရဖူးပါလိမ့်မည်။ အဓိကအမျိုးသမီးဇာတ်ကောင် (ဝါ) ဇာတ်လိုက်မင်းသမီးဖြစ်သူ မလှရီလို မိန်းမတွေကိုလည်း တွေ့မြင်ဖူးကြပါလိမ့်မည်။ ယောကျ်ားက အမူးသမား၊ မိန်းမက အညှဉ်းဆဲခံ။ ယောကျ်ားက မိန်းမဆိုလျှင် 'ကျွန် ကုလား မယားတောသူ' ဟု သဘောထားသူ။ မိန်းမက ယောကျ်ားကို 'ဘုရားတစ်ဆူ ဂူတစ်လုံး' ဟု သဘောထားသူ။

ထိုသို့ဆိုလျှင် စာရေးသူသည် အဘယ်ကြောင့် ဤမထူးဆန်းသော ဇာတ်ကောင်များနှင့် မထူးဆန်းသော ဇာတ်လမ်း ဇာတ်ကွက်များကို အခြေခံ၍ ဝတ္ထုတစ်ပုဒ် ရေးထုတ်လိုက်ရပါသနည်း။ တွေ့နေကျ မြင်နေကျအရာတို့သည် စိတ်ပါဝင်စားစရာ ရှိပါဦးမည်လော။ တွေ့နေကျ မြင်နေကျ၊ ကြုံကြိုက်နေကျ အဖြစ်အပျက်တို့သည် အနုပညာ ဖြစ်လာနိုင်ပါသည်လော။

စာရေးသူသည် တစ်ခါက ဟာဝိုင်းအီကျွန်းသို့ ရောက်သောအခါ 'ဟာဝိုင်းအီကျွန်း၏ ပန်းများ' ဆိုသောစာအုပ်ကို ဝယ်ဖတ်သည်။ ယင်းစာအုပ်တွင်ပါသော ဆေးရောင်စုံဖြင့် ရိုက်နှိပ်ထားသည့် ပန်းဓာတ်ပုံများကို ကြည့်သည်။ ပန်းတစ်ပွင့်မှာ ထူးထူးခြားခြား လှပသဖြင့် တစ်ခါမှ သည်လောက်လှပသောပန်းကို မမြင်ဖူးဘူးဟုပင် ထင်မိလေ၏။ ပူးတွဲပါစာကို ဖတ်ကြည့်တော့မှ စိန်ပန်းပွင့်တစ်ပွင့်ဖြစ်နေကြောင်း တွေ့ရလေသည်။ စိန်ပန်းတွေ ပင်လုံးကျွတ်ပွင့်နေသည်ကို မြင်နေကျ ဖြစ်ပါ၏။ အခြားသစ်ပင်တွေကြားမှာ နီရဲနေသော စိန်ပန်းပင်ကြီး၏ အလှကို သတိပြုမိပါ၏။ သို့သော် စိန်ပန်းပွင့်တစ်ပွင့်သည် ဤမျှေ့ ဤမျှလှနိုင်သည်ကို တစ်ခါမျှ မစဉ်းစားမိခဲ့ချေ။

ထို့ကြောင့် တွေ့မြင်နေကျ လူတွေထဲမှ နှစ်ဦးသုံးဦးကို ရွေးထုတ်ကာ ဇာတ်ကောင်လုပ်ခြင်းဖြင့်လည်းကောင်း၊ တွေ့ကြုံနေကျ လူတို့

mgyoe.com

mgyoe.com



အဖြစ်အပျက်တွေထဲမှ တစ်ခုနှစ်ခုကို ရွေးထုတ်ကာ ဇာတ်လမ်း ဇာတ်ကွက် လုပ်ခြင်းဖြင့်လည်းကောင်း အနုပညာ မြောက်နိုင်သည်။ အလှအပ ဖန်တီး၍ရနိုင်သည်ဟု စာရေးသူ ယုံကြည်ပါသည်။

'သူတို့လင်မယား – ၃၄ နှစ်' ဖြစ်ရပ်အမှန်ဝတ္ထု၏ ဦးတည်ချက်ကား အရက်မကောင်းကြောင်းကို ပြောပြရန်ဖြစ်၏။ အရက်မကောင်းကြောင်း ပြောကြရသည်မှာလည်း ရိုးနေပါပြီ။ ပြောရဖန်များ၍ နားလျှသလောက် ဖြစ်နေပါပြီ။ ပုဂ္ဂိုလ်အမျိုးမျိုးက နည်းမျိုးမျိုးဖြင့် ပြောခဲ့ကြပြီ။ သို့သော် စာရေးသူက သူတတ်နိုင်သော နည်းနှင့် ထပ်မပြောဘဲ မနေနိုင်ပါ။ အကြောင်းမူကား မူးယစ်ထုံထိုင်းစေသော အန္တရာယ်များတွင် အကျယ်ပြန့်ဆုံးနှင့် အနက်ရှိုင်းဆုံးသော အန္တရာယ်မှာ အရက်ဖြစ်သောကြောင့်တည်း။ ဘိန်းဘင်းကဇော် လော်စာအရက် စသည့် ယစ်မျိုးများတွင် အရက်သည် လူအများဆုံးသောက်သုံးရာ ဖြစ်၏။ အရက်သောက်သုံးခြင်းသည် ယဉ်ကျေးမှု ထုံးစံဓလေ့များထဲတွင် အပါအဝင်ဖြစ်နေ၏။ အချို့က အရက်ကို ဆေးဝါးဟုပင် မှတ်ထင်နေကြ၏။ သို့ဖြင့် အရက်စွဲသူတွေက များလှပေသည်။ စွဲလမ်းမှုအမျိုးမျိုးအနက် အရက်စွဲလမ်းမှုသည် အများဆုံးဟု ဆိုရမည်ထင်ပါသည်။

အရက်စွဲလမ်းမှုသည် လူ့စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကို လည်းကောင်း၊ လူ့အလုပ်နှင့် စီးပွားရေးကိုလည်းကောင်း၊ မိသားစု၊ အိမ်ထောင်ရေးဘဝအပါအဝင် လူမှုဆက်ဆံရေးကိုလည်းကောင်း၊ လူ့ကျန်းမာရေးကိုလည်းကောင်း ထိခိုက်ပျက်ပြားစေသည်။

မြန်မာလူ့ဘောင်တွင် အရက်သမားနှင့် အရက်သမားမယားတွေ အများကြီးရှိ၏။ အရက်နှိပ်စက်သဖြင့် ပျက်စီးရသည့် အဖြစ်အပျက်တွေ အများကြီးရှိ၏။ ယင်းတို့ထဲမှ ကျွန်တော်နှင့် အရင်းအနှီးဆုံးဖြစ်သော ကိုအေးမောင်နှင့် မလှရီတို့ကို ရွေးချယ်ကာ အဓိကဇာတ်ကောင် လုပ်၍ လည်းကောင်း၊ အရက်က ကိုအေးမောင်၏ အကျင့်စာရိတ္တ၊ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် လူမှုဆက်ဆံရေးတို့ကို ထိခိုက်ဖျက်ဆီးပုံတို့ကို ပုံဆောင်ကာ ဇာတ်လမ်း ဇာတ်ကွက်လုပ်၍ လည်းကောင်း 'သူတို့လင်မယား – ၃၄ နှစ်' ဟူသော ဖြစ်ရပ်အမှန်ဝတ္ထုကို ရေးလိုက်ပါသည်။

mgyoe.com

mgyoe.com



လွန်ခဲ့သောငါးနှစ်ခန့်က ဤစာရေးသူသည် 'တစ်ခုသော ငွေရတုသဘင်' ဟူသော စာအုပ်ကို ရေးခဲ့၏။ မိမိ၏ အိမ်ထောင်ရေး ဘဝသရုပ်ဖော်အတ္ထုပ္ပတ္တိ ဖြစ်ခဲ့သည်။ ယခုရေးလိုက်သော 'သူတို့ လင်မယား – ၃၄ နှစ်' မှာလည်း အိမ်ထောင်ရေး သရုပ်ဖော်အတ္ထုပ္ပတ္တိ တစ်ခုဖြစ်သည်ဟု ဆိုလိုက ဆိုနိုင်ပါ၏။ အမျိုးအစား လုံးဝမတူသော အိမ်ထောင်ရေးဘဝနှစ်ခု ဖြစ်ပါသည်။

'သူတို့လင်မယား – ၃၄ နှစ်' ကို အတ္ထုပ္ပတ္တိခေါ်ခေါ် ကျွန်တော် ခေါ်ထားသလို ဖြစ်ရပ်အမှန်ဝတ္ထုဟုပဲခေါ်ခေါ် စာရေးဆရာတစ်ယောက် အနေနှင့် ကြိုးစားလိုက်သည်ကတော့၊ စာဖတ်ပရိသတ်အဖို့၊ ပင်လုံး ကျွတ်ပွင့်နေသော စိန်ပန်းပင်ကြီးမှ ပန်းတစ်ပွင့်ကို ထုတ်ယူ၍ အနီးကပ် အလှကြည့်ရသလို အနုပညာအလှ ကြည့်ရှုခံစားနိုင်ရန်ပေတည်း။

သိန်းဖေမြင့်

mgyoe.com

mgyoe.com

## အခန်း (၁)
## တစ်ခုသော ငွေရတုသဘင်မှ ဇာတ်ရုံတစ်ဦး

စိမ့်ကြီး မြိုင်ကြီး – ရိပ်ကြီးငယ်သာ ဆန်းပေစွတကယ်။ တစ်လှမ်း မကွာတယ်။ ဘယ်ဆီ မြန်းပါစေတော့ရယ်။ နန်းညှာနွယ်တွဲမှိုကာ လိုက်ရှာလေတဲ့မယ်။

ကန္တမဆုံးမိမှာကွယ် တစ်လမ်းလုံး သိကရိ၊ မဒီပန်းရှာရော့မယ်။ ရွှေအားတော် ငယ်နှင့်ကွယ်၊ ဟောဒီကုန်းအတက်ကလေးကခေါ်မယ်။ မောင့်ပခုံးကို မှီတွဲကာ ဖက်ပါကွယ်။

တောမြိုင်လယ်၊ နဒီယံတစ်ဝိုက်မှာ လှကွယ်၊ သြော် မမောနိုင်ရှာတယ်။ အမိအမြန် လိုက်ရှာခဲ့မယ် ချောမေခိုင်ရယ်၊ ပြည်တော်ပြန်လမ်းပန်းရှာရော့မယ်။

တောတောင်ခြေ ဂမုန်းငယ်တို့၊ ချောင်းလုံးပြည့် ရွှေဖီရယ်။

ကျေးငှက်သံ ပလီတယ်၊ သြော် ကျေးငှက်သံတွေက ပလီတယ်၊ တီတီတာတာ၊ နတယ်ကိုး၊ ညှိုးပါနှင့်မယ်၊ မညှိုးလေးလေ့၊ မညှိုးတဲ့နိုင်အောင်ကွယ်၊ ဖိုးရွှေခေါင်၊ ငှက်ကယ်ကရယ်၊ မလေးကို မြည်ကာချော့မယ်၊ ကြည်ပါတော့ကွယ်၊ မြည်ကာချော့တယ်လေး။

mgyoe.com

mgyoe.com


နံနက်ခင်း စကြ်လျှောက်နေစဉ် ကျွန်တော် ကြားလိုက်ရသော မြိုင်ထ သီချင်းသံ။

သီချင်းစာသားတွေက သာယာကြည်နူးဖွယ် ကောင်းလှသည်။

သီဆိုသူ ကိုအံ့ကြီး၏ အသံကလည်း ကြည်လင် အေးမြလှသည်။

မြန်မာ့အသံ လေလှိုင်းကလည်း ပီသ ကြည်မြလှသည်။

ယခုနှစ် မိုးရာသီမှာ စောစောကြီး ဆိုက်ရောက်လာသဖြင့် ကောင်းကင်ပြင်တစ်ခုလုံး မိုးသားတိမ်တိုက်တို့ဖြင့် အုံ့ဆိုင်းလျက်ရှိ၏။

ကျွန်တော်သည် အပြင်ထွက်ပြီး လမ်းလျှောက်လိုသော်လည်း အုံ့ဆိုင်းနေသော မိုးသား တိမ်တိုက်တို့ကြောင့် အပြင်မထွက်တော့ဘဲ ကျွန်တော့်အိမ် ဝရန်တာမှာပင် ကိုယ်လက် လေ့ကျင့်ခန်းလုပ်ပြီးနောက် စင်္ကြံလျှောက်လျက် ရှိ၏။

ရေဒီယိုသံသည် ကျွန်တော်တို့အိမ်မှ အသံမဟုတ်။ မလှရီတို့ လင်မယားနေသော အိမ်တန်းလျားမှလာသော အသံဖြစ်သည်။

ကိုအံ့ကြီး၏ မြိုင်ထသီချင်းသံတွင် သာယာကြည်နူးနေမိသော်လည်း၊ ထိုအသံကြောင့်ပင် ကျွန်တော် အံ့သြနေပါ၏။ မအံ့သြဘဲ နေပါမည်လော၊ မလှရီတို့၏ အိမ်မှာ လူမမာအိမ် ဖြစ်နေပြီတည်း။

ကျွန်တော်ရေးခဲ့သည် 'တစ်ခုသော ငွေရတုသဘင်' ကို ဖတ်ပြီးကြသော မိတ်ဆွေများ မှတ်မိကောင်း မှတ်မိကြပါလိမ့်မည်။ ကျွန်တော်တို့ အိမ်နှင့် မလှရီတို့ လင်မယားနေသော အိမ်သည် တစ်ဝိုင်းတည်းတွင် ဖြစ်ပြီး မြက်ခင်းကလေးတစ်ခုသာ ခြားလေသည်။ ပန်းပင် သီးပင် ခင်တန်းပါးပါးကလေးက သူတို့အိမ်နှင့် ကျွန်တော်တို့ အိမ်ကြားမှာ ကန့်လန့်ကာသဖွယ် ရပ်တည်နေပေသည်။

သူတို့အိမ်တွင် မလှရီ၏ ခင်ပွန်း ကိုအေးမောင် နာမကျန်းဖြစ်ပြီး အိပ်ရာတွင် လဲနေသည်မှာ နှစ်လနီးပါးရှိလေပြီ။ သူတို့ ရေဒီယိုမှ အသံတိတ်နေသည်မှာလည်း ထိုမျှပင် ကြာပါပြီ။

ယခင်ကဆိုလျှင် သူတို့အိမ်မှ ရေဒီယိုကို တိုးတိုးတစ်ခါ ကျယ်ကျယ် တစ်လှည့်ဆိုသလို အမြဲတမ်း ဖွင့်ထားတတ်သည်။ ကျယ်လွန်း

mgyoe.com

mgyoe.com


သောအခါ ကျွန်တော့်ကို အနှောင့်အယှက်ပေးသဖြင့် လှမ်းအော်၍ တိုးတိုးဖွင့်ရန် ပြောရသည်။ လုံးလုံးပိတ်ထားဖို့ ပြောရန်ကား မဖြစ်နိုင်ချေ။ မလှရီ ကျွန်တော်တို့နှင့် အတူနေသောကာလ နှစ် ၂၀ ပြည့်တုန်းက ကျွန်တော်ကပင်လျှင် လက်ဆောင်အဖြစ်ဖြင့် ထိုရေဒီယိုကို မလှရီအား ပေးခဲ့ခြင်းဖြစ်၏။

မလှရီသည် ရေဒီယိုကို စွဲနေပေပြီ။ သူ့အတွက် ရေဒီယိုတစ်လုံး သတ်သတ်မပေးမီ ကျွန်တော်တို့ ရေဒီယိုကို သူပဲ အများဆုံးနားထောင်ခဲ့၏။ သူတို့အဖို့ သီးသန့်တစ်လုံး ရသွားပြန်တော့လည်း သူပဲ အများဆုံး နားထောင်၏။ မလှရီသည် ချက်ရင်းပြုတ်ရင်း၊ အဝတ်လျှော်ရင်း၊ မီးပူတိုက်ရင်း၊ ထမင်းစားရင်း၊ အနားယူရင်း၊ နေ့ခင်းနေ့လယ် တစ်ရေးတစ်မောအိပ်ရင်း ရေဒီယိုကို ဖွင့်ထားသည်။ ဂရုတစိုက် နားထောင်သည် မထောင်သည်မှာ ပဓာနမဟုတ်။ ရေဒီယိုသံကြားနေရခြင်းသာ ပဓာနဖြစ်သည်။ မလှရီသည် မြန်မာ့အသံဖြင့် အချိန်မှတ်သူလည်း ဖြစ်သည်။ မလှရီသည် ဈေးသွားသည်မှအပ အပြင်သိပ်ထွက်ရသူမဟုတ်။ စာတတ်သူလည်း မဟုတ်။ ထို့ကြောင့် မြန်မာ့အသံကို ဖွင့်ထားသည့်အချိန်များ အနက် ဂရုတစိုက် နားထောင်သည့်အခါဖြစ်စေ၊ ဂရုမစိုက်ဘဲ နားထောင်သည့်အခါဖြစ်စေ၊ အိပ်ငိုက်ရင်း နားထောင်သည့်အခါဖြစ်စေ၊ ဒီတစ်ချိန်မဟုတ် အခြားတစ်ချိန်ချိန်တွင် သတင်းတစ်ခုခု၊ ဗဟုသုတ တစ်ရပ်ရပ်၊ ဂီတရသ တစ်ပါးပါး စသည်တို့သည် မလှရီ၏ ဟာဒယနှလုံးအိမ်အထိ စိမ့်ဝင်ထိုးဖောက်လေသည်ဖြစ်၏။

မလှရီ ရေဒီယိုစွဲသလို ကိုအေးမောင်လည်း ရေဒီယို စွဲနေသည်။ သူသည် စာတတ်သူဖြစ်သဖြင့် သတင်းစာနှင့် ဝတ္ထုများကို ဖတ်၏။ (ဘုရားတရားကိုကား ဝါသနာ မပါပါ) သူ ငယ်ငယ်က အတီးအမှုတ် ဝါသနာပါသည်။ သီချင်းကြီးများကို သီဆိုရင်း တီးမှုတ်တတ်သည်။ ကြီးလာတော့ သီချင်း ဂီတ သီဆို တီးမှုတ်သံများကို နားထောင်ရန် ဝါသနာပါသည်။ သို့သော် မြန်မာ့အသံကို ကိုအေးမောင် နားထောင်ခြင်း မှာ ဤအကြောင်းကြောင့်သာဟု မမှတ်ယူသင့်ပါ။ ကိုအေးမောင်သည် ရုံးစာရေးကြီး ဖြစ်သည်။ သူ ရုံးမှပြန်အလာတွင် များသောအားဖြင့်

mgyoe.com

mgyoe.com


မူးနေတတ်သည်။ အလုပ်များခဲ့၍ အလုပ်ပင်ပန်းကာ မူးနေခြင်းမဟုတ်ပါ။ ယစ်ရွေရည်ကြောင့် မူးနေခြင်းဖြစ်သည်။ ရေချိန်ကိုက်ရုံဆိုလျှင် သူသည် မြန်မာ့အသံကို အရသာခံ၍ နားထောင်၏။ ထိုအခါ ရေဒီယိုသံက တော်ရုံသာဖြစ်၏။ ရေချိန်လွန်ပြီး သူ့ကိုယ်သူ မထိန်းနိုင်၊ မသိမ်းနိုင်ဖြစ်ကာ ဆူဆူပူပူလုပ်နေလျှင်ကား ရေဒီယိုသံကပါ ကျယ်လာ၏။ ဆူပူသံကို ရေဒီယိုသံဖြင့်ဖုံးရန် အကြံဖြင့် အသံချဲ့ခလုတ်ကို လှည့်လိုက်လေသလား မပြောတတ်ပါ။

ယခုတော့ ယခင်ကနှင့် မတူပါပြီ။ ကိုအေးမောင်သည် ရေချိန်အောက်လျှော့၍ လည်းကောင်း၊ ရေချိန်ကိုက်ရုံသော် လည်းကောင်း ရေချိန်ထက် လွန်၍သော်လည်းကောင်း မသောက်နိုင်တော့ပြီ။ အရက်နာဖြင့် အိပ်ရာမှာ လဲနေလေပြီ။ သူတို့အိမ်မှ ရေဒီယိုသံ တိုးတိုးလည်းကောင်း၊ ကျယ်ကျယ်သော်လည်းကောင်း မလာသည်မှာ အတော်ကြာသွားပါပြီ။

ယခု သူတို့အိမ်မှ ရေဒီယိုသံ လာပြန်ပြီ။ မတိုးမကျယ်၊ ပီသကြည်မြရုံကလေး။

ကိုအေးမောင်က အဖွင့်ခိုင်းလေသလော၊ မလှရီက ဖွင့်လိုက်လေသလော၊ မည်သို့ပင်ဖြစ်ဖြစ်... သူတို့အိမ်က ရေဒီယိုသံလာတော့ ကျွန်တော် ဝမ်းသာသွားမိသည်။ မျှော်လင့်ချက်လည်း တက်သွားလေသည်။

ကိုအေးမောင် ရောဂါသက်သာလာလို့ ရေဒီယိုဖွင့်ခြင်း ဖြစ်ဟန်တူသည်။ ထို့ကြောင့် ကျွန်တော်၏ မျှော်လင့်ချက် တက်သွားခြင်းပါ။

ကိုအေးမောင်၏ ရောဂါမှာ လူများစွာအတွက် မျှော်လင့်ချက်မရှိတော့သော ရောဂါဖြစ်၏။ သူသည် တစ်နေ့တခြား အားအင်ကုန်ခန်းလာ၏။ တစ်နေ့တခြား အစားအသောက် ပျက်လာ၏။ တစ်နေ့တခြား ပိန်ချုံးကျသွား၏။ သို့သော် ဝမ်းဗိုက်ကြီးကား တစ်နေ့တခြား ဖောင်းပွလာ၏။ သူ့ဗိုက်သည် ဘောလုံးကြီးဖြင့် ဖောင်းပွနေခြင်းဖြစ်သည်။

"ဤတောင်ကို ကြည့်ပါ၊ အဝေးက မြင်နိုင်ပါသည်"။ သူသည် တစ်သက်လုံး အရက်ကို အလွန်အကြူး သောက်လာခဲ့သည်။ သူကိုယ်တိုင် ဖြောင့်ဆို ဝန်ခံချက်အရ ၁၃ – ၁၄ နှစ်သားကစ၍ အရက်သောက်

mgyoe.com

mgyoe.com

ခဲ့သည်။ ယခု သူ့အသက် ၆၄ နှစ်ရှိပြီဆိုတော့ သူ့အရက်သက်မှာ ရွှေရတုသဘင်သို့ ရောက်နေလေပြီ။ ဤမျှ အရက်သောက်သူ၏ ရောဂါသည် ဘာဖြစ်ရမည်နည်း။ အသည်းဆန်ခါကျခြင်း၊ အသည်း ကျွမ်းလောင်ခြင်း၊ အစာအိမ်၊ အူသိမ်အူမ၊ သရက်ရွက် စသော ဝမ်းတွင်းကလီစာတွေ ကျွမ်းလောင်ပျက်စီးခြင်း စသော ရောဂါသာ ဖြစ်ရပေမည်။

သူ့လို အမူးသမားများအတွက် ဤရောဂါမျိုး ဖြစ်တတ်သည်ဟု လူ့အများ ခန့်မှန်းကြသလို ကျွန်တော်လည်း ခန့်မှန်းပြီးဖြစ်ပါ၏။ သူ့ကိုလည်း ကျွန်တော် သတိပေးခဲ့ပြီး ဖြစ်ပါ၏။ သို့သော် သေချာအောင် ကျွန်တော် ဆရာဝန်နှစ်ဦးကို ခေါ်ပြခဲ့ပါ၏။ နှစ်ဦးစလုံးကပင် အသည်းကင်ဆာဖြစ်ရမည်ဟု ဆုံးဖြတ်ကြပါသည်။ အသည်းကင်ဆာ သက်သက်လား၊ သို့မဟုတ် သရက်ရွက်၊ အစာအိမ်၊ အူသိမ်အူမ စသည်တို့ကို ကူးစက်ကင်ဆာ ဖြစ်နေပြီလား အသေးစိတ် ခွဲခြားခြင်းတော့ မရှိပါ။ တစ်ခုကတော့ သေချာသည်။ ဤရောဂါမျိုးသည် သမားလက်လွှတ်လိုက်ရသော ရောဂါမျိုး ဖြစ်ပါသည်။

ပထမဆုံး ကျွန်တော်ခေါ်ပြသော ဆရာဝန်မှာ ကျွန်တော် ရေးသော တက်ခေတ်နတ်ဆိုးဝတ္ထုတွင် နိဒါန်းရေးသူ ဒေါက်တာလာမက် (Dr. Lamech) ဖြစ်သည်။ အမ်အေ၊ အမ်ဘီ၊ စီအိပ်ချ်၊ အက်ဖအာရ်စီအက်၊ အယ်အာစီပီ စသည်ဖြင့် ဘွဲ့တွေများလွန်းသဖြင့် ကျွန်တော့်သားသမီးများက ကမ္ဘာမှာ နောက်ထပ်ဆေးဘွဲ့တွေ ကျန်သေးရဲ့လားဟု မေးယူရသော ဆရာဝန်ကြီး ဖြစ်သည်။ ကျွန်တော်နှင့် ခင်မင်ရင်းနှီးသည်မှာပင် အနှစ် ၄၀ နီးပါးရှိပြီ။ အသက်ကလည်း ၇၄ နှစ်ရှိပြီ။

လူနာကို စစ်ဆေးပြီးတော့ ဒေါက်တာလာမက်က ကျွန်တော့်ကို တိုးတိုးကလေး ပြောသည်။ "ဟော့... လူ၊ ဒီကိစ္စမျိုးမှာ တို့လုပ်နိုင်တာဘာမှမရှိတော့ဘူး။ အေး လူနာကျေနပ်ရုံတော့ အားဆေးလေး ဘာလေး ထိုးပေးတာပေါ့"

ဒေါက်တာ လာမက်သည် ဗီတာမင် ဘီတွဲလား – ဘာလားမသိ၊ ဆေးထိုးပေးသွားသည်။ ပြီးတော့ ဆရာဝန်ပေါက်စ၊ သို့မဟုတ် ကျောင်းသား ဆရာဝန်ကလေးတွေကို ဆေးထိုးခိုင်းရန် ဆေးပုလင်းနှစ်လုံး

mgyoe.com

ပေးသွားလေသည်။

ကျွန်တော်က ဒေါက်တာလာမက်အား

"ကျွန်တော် ဗမာဆေးဆရာနဲ့ ကုချင်တယ်"

"မလုပ်နဲ့၊ မလုပ်နဲ့၊ သူတို့ ဘာမှတတ်နိုင်မှာ မဟုတ်ဘူး၊ ဗမာဆေးက လျက်ဆားတို့၊ ငန်းဆေးတို့၊ လျှာပွတ်ဆေးတို့လောက်သာ ကောင်းတာ၊ ငါလည်း အဲဒါတွေ သုံးနေတာပဲ။ ဒါပေမဲ့ ဒီလောက်ကြီးတဲ့ ရောဂါအတွက် ဘယ်စွမ်းမှာလဲ၊ ဘယ်ဆေးရှိမှာလဲ"

ကျွန်တော်သည် ဘာမျှပြန်မပြောတော့ပါ။ သူသည် ကျွန်တော့်ငယ်ဆရာ သဘောမျိုးဖြစ်သည်။ ပြီးတော့ အဘိုးကြီးတွေကလည်း သူတို့အစွဲနှင့် သူတို့၊ ကျွန်တော်ကလည်း ကျွန်တော့်အစွဲနှင့် ကျွန်တော်။ အပြန်အလှန် ဆွေးနွေးငြင်းခုံလို့ အကျိုးထူးတော့သည် မဟုတ်။

ကျောင်းသား ဆရာဝန်ကလေးတစ်ယောက်ကို ဒေါက်တာလာမက် ပေးခဲ့သောဆေးဖြင့် ဆေးထိုးခိုင်းရာ သူက ဆေးထိုးပေးပြီးနောက် လူမမာ နှစ်ရက်သာ ခံတော့မည်ဟု ပြောသွားလေသည်။

ကျွန်တော် ခေါ်ပြသော အခြားဆရာဝန်တစ်ဦးမှာ ဒေါက်တာဘသိန်း ဖြစ်သည်။ တကယ်တော့ ကျွန်တော်ကိုယ်တိုင် ပင့်ခေါ်ခြင်းမဟုတ်ပါ။ အိမ်နီးနားချင်းတစ်ဦးက သူ့စေတနာအလျောက် ပင့်ခေါ်လာရာ၊ ကျွန်တော်က လူနာကို ပြခြင်းဖြစ်ပါသည်။ သူသည် ထင်ရှားသော တီဘီကု ဆရာဝန်ကြီးဖြစ်သည်သာမက တိုင်းရင်းဆေးပညာကို ယုံကြည်အားထား၊ လေ့လာလိုက်စားသဖြင့် အစိုးရက ခန့်ထားသော တိုင်းရင်းမြန်မာ ဆေးကောင်စီဝင် လူကြီးတစ်ဦးပင် ဖြစ်နေသည်။ အသက်က ၆၆ နှစ်ရှိနေပြီ။

ဒေါက်တာဘသိန်းကို ခေါ်ပြချိန်တွင် ကျွန်တော်သည် လူနာအား သိမ်ဖြူဆရာတော် အရှင်နာဂသေနထံ အပ်ပြီးသား ဖြစ်နေလေပြီ။ ဆရာတော်က ဆေးပေးပြီးသားဖြစ်၍ ဆရာတော်၏ ညွှန်ကြားချက်များအတိုင်း ကျွန်တော်က လူနာကို ဆေးကျွေးပြုစုနေပြီ ဖြစ်သည်။ ထိုအကြောင်းကို ဒေါက်တာဘသိန်းအား အစုံအလင် ပြောပြ၏။ သိမ်ဖြူဆရာတော်၏ဆေးခန်းမှ ထုတ်ပေးထားသော လူနာမှတ်ပုံတင်ကတ်ပြား

mgyoe.com

mgyoe.com

ကိုပါ ဒေါက်တာဘသိန်းအား ထုတ်ပြ၏။

ဒေါက်တာဘသိန်းသည် လူနာကို စစ်ဆေးပြီးနောက် အားလုံး ရှေ့မှပင် ပြောပြပါသည်။ "ဒီရောဂါအခြေအနေအရ သိမ်ဖြူဆရာတော် ကြီးရဲ့ ညွှန်ကြားချက်အတိုင်း ကုသခြင်းက သင့်လျော်ပါလိမ့်မယ်။ အာယုဗ္ဗေဒဆေးကုနည်းကုထုံးနဲ့ ခွင်ကျကောင်းကျပါလိမ့်မယ်"

ဒေါက်တာဘသိန်းသည် လူနာကို အားတိုးဆေးနှစ်လုံး ထိုးပေး ပြီးနောက် ပြန်သွားလေသည်။ ကျွန်တော်က သူ့မော်တော်ကား အနီး ရောက်အောင် လိုက်ပို့ရာ သူက ကားပေါ်အတက်တွင်...

"ဦးသိန်းဖေမြင့်ရေ... ကျွန်တော်တို့ကတော့ ဒီရောဂါမျိုးကို Lost case လက်လွှတ်ရတဲ့ကိစ္စလို့ ထားတာပဲ။ ဆရာတော့်နည်းနဲ့ ကြိုးစား ကြည့်ပါ။ အောင်ချင် အောင်မယ်ဗျ"

အထက်တစ်နေရာတွင် "ကိုအေးမောင်၏ ရောဂါမှာ လူအများ အတွက် မျှော်လင့်ချက်မရှိတော့သော ရောဂါ" ဖြစ်သည်ဟု ကျွန်တော် ရေးခဲ့၏။ အမှန်ပင် လူအများအတွက် မျှော်လင့်ချက်မရှိပါ။ သို့သော် ကျွန်တော်တို့သုံးဦးကား မျှော်လင့်ချက် ထားကြပါသည်။ မျှော်လင့် ချက်ထား၍ ကုသပြုစုကြပါသည်။

ထိုသုံးဦးကား မလှရီ၊ ကျွန်တော်နှင့် သိမ်ဖြူဆရာတော် အရှင် နာဂသေနတို့ ဖြစ်သည်။

မလှရီကား နေ့မအား ညမအား မညည်းမညူ ပြုစုသူ။

ကျွန်တော်ကား သိမ်ဖြူဆရာတော်၏ ညွှန်ကြားချက်ဖြင့် ဆေး ကျွေးသူ။

သိမ်ဖြူဆရာတော်ကား အသက်တစ်ချောင်းကို ကယ်တင်လို သော စေတနာ အရင်းခံပြီး အာယုဗ္ဗေဒ ဆေးပညာရှင်တစ်ဦးအနေနှင့် ရောဂါတွင် စိတ်ဝင်စားကာ ကြပ်မတ်ကုသပေးသူ။

ကျွန်တော်တို့ မျှော်လင့်ချက် ထားကြပါသည်။

ကျွန်တော် မျှော်လင့်ချက်ထားခြင်းအတွက် အကြောင်းအမျိုးမျိုး ရှိသည်။ အကြီးဆုံးအကြောင်းကတော့ မလှရီ မျှော်လင့်ချက်ထားခြင်း ကြောင့် ကျွန်တော် မျှော်လင့်ချက်ထားခြင်း ဖြစ်သည်။ တစ်နည်းဆိုသော်
mgyoe.com

မလှရီ၏မျှော်လင့်ချက်သည် ကျွန်တော့်ရင်တွင်းတွင် မျှော်လင့်ချက်များ ဖြစ်ပေါ်စေလေသည်။

စင်စစ် ကိုအေးမောင်ကား မျှော်လင့်ချက်ထားအပ်သူ မဟုတ်။ ကျွန်တော်နှင့်သူ အတူနေရသော ၂၈ နှစ်သောကာလအတွင်း အတွေ့အကြုံများအရ ဆိုရသော် သူသည် မျှော်လင့်ချက် မရှိသူဖြစ်သည်။

'တစ်ခုသော ငွေရတုသဘင်' တွင် ကျွန်တော် တင်ပြခဲ့သော ဇာတ်လိုက်နှင့် ဇာတ်ရံများမှာ ကျွန်တော်၊ ဇနီး ခင်ကြည်ကြည်၊ သားကြီး ဟသာ၊ သားလတ် အာသာ၊ သားအငယ်ဆုံး ခွန်သာ၊ တစ်ဦးတည်းသော သမီးကြည်သာ၊ အိမ်မှုရေးရာတာဝန်ခံ မလှရီ၊ ယင်း၏ ခင်ပွန်း ကိုအေးမောင်နှင့် အိမ်မှာမွေးထားသော ခွေးကလေး မောင်ဇင်ဘိုတို့ ဖြစ်ကြလေသည်။

ထို့ကြောင့် 'တစ်ခုသော ငွေရတုသဘင်' ကို ဖတ်ရပြီးဖြစ်သော မိတ်ဆွေများက ကိုအေးမောင်အကြောင်းကို အတော်အတန် သိထားကြပါလိမ့်မည်။ သို့သော် 'တစ်ခုသော ငွေရတုသဘင်' မှာ ကိုအေးမောင်နှင့် မလှရီအကြောင်း အဓိကထား၍ ရေးသောစာအုပ်မဟုတ်။ ကျွန်တော်နှင့် ဇနီး ခင်ကြည်ကြည်တို့၏ အိမ်ထောင်ရေးဘဝကို အဓိကထားပြီး ရေးထားသောစာအုပ်ဖြစ်၏။ ကိုအေးမောင်နှင့် မလှရီတို့သည် ဇာတ်ရံများ ဖြစ်ခဲ့သည်။ ယခုစာအုပ်ကတော့ ကိုအေးမောင်နှင့် မလှရီတို့ လင်မယားအကြောင်း ဖြစ်သည်။ ကိုအေးမောင်သည် ရုံးစာရေးဝန်ထမ်းတစ်ဦးဖြစ်၍ မလှရီက အိမ်မှုရေးလုပ်သားတစ်ဦး ဖြစ်သည်။ ကိုအေးမောင်က ရုံးအလုပ်ကို 'မင်းတိုင်းကြေ' လောက်သာ လုပ်ပြီး အရက်သေစာ သောက်စားကို လွန်လွန်ကြူးကြူး လုပ်သူဖြစ်၏။ မလှရီက အိမ်မှုရေးရာကို ကြိုးစားပမ်းစား လုပ်သလောက် အမူးသမားလင်ကို စိတ်ရှည်လက်ရှည် အနွံတာခံကာ လုပ်ကျွေးပြုစုသူဖြစ်သည်။ 'တစ်ခုသော ငွေရတုသဘင်' ကို ဖတ်လျှင် ဤမျှတော့ အကြမ်းဖျင်း မှတ်မိကြပါလိမ့်မည်။

ယခုစာအုပ်တွင် ကိုအေးမောင်နှင့် မလှရီတို့၏ ဖော်ပြပါအရည်အချင်းနှင့် စရိုက်သဘာဝများဖြင့် သူတို့လင်မယား၏ဘဝကို ပိုမို

mgyoe.com

mgyoe.com


သိရပါလိမ့်မည်။ ထို့ပြင် ကိုအေးမောင်တစ်ယောက် အရက်၏ကျေးကျွန် ဖြစ်ရသည့်အကြောင်းနှင့် နောက်ဆုံးတွင် မလွဲမရှောင်သာ ဖြစ်လာရလေသော အရက်နာရောဂါတို့အကြောင်းကို စုံစုံစေ့စေ့ တွေ့ရပါလိမ့်မည်။

ယခုတစ်လော သူ့အရက်နာရောဂါသည် 'တစ်နေ့ ရွှေ တစ်နေ့ ငွေ' ဆိုသလို ဖြစ်နေသည်။ မျှော်လင့်စရာတွေ ပေါ်လာလိုက်၊ မျှော်လင့်ချက်တွေ ကျဆင်းသွားလိုက် ဖြစ်ရလေသည်။

ကျွန်တော် စကြ်လျှောက်နေရာမှ ကြားလိုက်ရသော ကိုအံ့ကြီး၏ မြိုင်ထ သီချင်းသံကြောင့် ကျွန်တော် မျှော်လင့်ချက်တွေ တက်သွားလေသည်။ ချက်ချင်းပင် လူနာကို သွားကြည့်လိုက်ချင်သေးတော့၏။ သို့သော် ကျွန်တော်သည် စင်္ကြံဆက်လျှောက်ပြီး အခြားကျန်းမာရေးလေ့ကျင့်ခန်းများပြီးသည်အထိ ဆိုင်းနေလိုက်လေသည်။

ကျန်းမာရေးလေ့ကျင့်ခန်းများ ပြီးသွားသောအခါ ကိုအေးမောင်တို့အိမ်မှ ရေဒီယိုသံ တိတ်နေပြီ။ ဘယ်တုန်းက ပိတ်လိုက်ခဲ့ကြသည် မသိ။ ကျွန်တော်သည် ကိုယ့်လေ့ကျင့်ခန်းနှင့်ကိုယ် အလုပ်များနေသဖြင့် သတိမထားမိလိုက်ခြင်း ဖြစ်ပါ၏။

❒

mgyoe.com

mgyoe.com

## အခန်း (၂)
## တောသူဌေးသား ကိုကိုအေး

ကျွန်တော်သည် မုန့်စား၊ ကော်ဖီသောက်၊ ရေမိုးချိုး၊ အဝတ်အစား လဲပြီးနောက် ကိုအေးမောင်တို့ အိမ်ဘက်ကို လျှောက်ခဲ့သည်။

ကျွန်တော့် ခုံဖိနပ်သံကို ကြားသဖြင့် ထိုအခိုက် လူမမာစောင့်ဖြစ်နေသော ကိုဝင်းက ဆီးကြိုနေလေ၏။ မလှရီသည် ဈေးသွားခြင်း၊ ချက်ပြုတ်ခြင်း စသော အိမ်မှုရေးရာများဖြင့် အလုပ်များနေရာ ကိုဝင်းက လာပြီး လူမမာစောင့်ပေးရ၏။

ကိုဝင်းမှာ ကိုအေးမောင်၏ ညီဝမ်းကွဲဖြစ်သည်။ သူသည် တပ်မတော်မှာ အရာခံဗိုလ်ဖြစ်ခဲ့ပြီး ယခုအခါ ပင်စင်ယူ၍ တောင်ဥက္ကလာမှာ နေထိုင်လျက်ရှိသည်။

ကိုဝင်းသည် ပြေးခုန်ပစ် အားကစားသမား ယူနီဖောင်းအဟောင်းကို ဝတ်ထားသည်။ တပ်ထဲတုန်းက သူသည် လိုက်ဝိတ် အလေးမချွန်ပီယံဝင်းမောင်ဟု ထင်ရှားခဲ့သူဖြစ်သည်။ သို့သော် ယခု သူ ဝတ်ထားသော အားကစားသမား ယူနီဖောင်းအဟောင်းမှာ သူ့အဝတ်ဟောင်းမဟုတ်။ သူ့သား စက်မှုတက္ကသိုလ်ကျောင်းထွက် အင်ဂျင်နီယာ၏

mgyoe.com

mgyoe.com

အကျမျိုး ဖြစ်သည်ဆို၏။

ကျွန်တော်က...

"ကိုဝင်း လူမမာ ဘယ့်နှယ်နေသလဲ" ဟု မေးလိုက်သည်။

"ဒီလိုပဲ ဆရာ"

ကိုအေးမောင်တို့ အိမ်တန်းလျားမှာ အခန်းလေးခန်းရှိရာ တစ်ခန်းက မီးဖိုခန်း၊ နှစ်ခန်းက အိပ်ခန်း၊ အိပ်ခန်းနှစ်ခန်းကြားတွင် ဧည့်ခန်း တစ်ခန်းဖြစ်သည်။ ကျွန်တော်သည် လူမမာခန်းထဲ မဝင်မီ ဧည့်ခန်းထဲမှာ ကိုဝင်းနှင့် စကားပြောနေခြင်း ဖြစ်ပေ၏။

"ခု နင်က ရေဒီယိုဖွင့်တာ ခင်ဗျားဘာသာ ဖွင့်တာလား၊ ကိုအေးမောင်က အဖွင့်ခိုင်းလို့လား"

"ကိုကိုအေးက အဖွင့်မခိုင်းပါဘူး။ ကျွန်တော် ဖွင့်လိုက်တာပါ။ ဘာဖြစ်လို့လဲ ဆရာ"

"သြော်... လူမမာအိမ်က ရေဒီယိုသံကြားရတော့ အားတက်သွားလို့ပါ။ ကိုအေးမောင်က အဖွင့်ခိုင်းလို့ ဖွင့်ရတယ်ဆိုရင် ရောဂါသက်သာလို့၊ စိတ်ကြည်လင်လာလို့ဆိုပြီး အထူးအားတက်ရမှာပေါ့။ ပြီးတော့"

ကိုဝင်းက ကျွန်တော် ရှေ့စကားမဆက်နိုင်မီ ဝင်ပြောလိုက်သည်။

"ဒီလိုမဟုတ်ပါဘူး ဆရာ။ တစ်နေ့က ကျွန်တော် ကက်ဆက်ယူလာပြီး ဘုန်းကြီး တရားဟောတဲ့ တိတ်ကို ဖွင့်ထားတယ်။ တော်တော်ကြာတော့ ကိုကိုအေးက နားပူတယ်ဆိုလို့ ပိတ်ပေးလိုက်ရတယ်။ ခုနကတော့ ကျွန်တော် ပျင်းတာနဲ့ ရေဒီယိုကို ဖွင့်လိုက်တာပါ။ ခဏကြာတော့ လူမမာ နားပူမှာစိုးတာနဲ့ ကျွန်တော့်ဘာသာ ပိတ်ပစ်လိုက်တယ်လေ"

"ဒါဖြင့်လည်း ပြီးတာပါပဲ"

ဧည့်ခန်းတွင် စားပွဲဟောင်းနှင့် ကုလားထိုင်အဟောင်းများ ရှိသည်။ ဟောင်းသော်လည်း သုံးမရသည်မဟုတ်၊ အရောင်အဆင်းမရှိ၊ ပုံသဏ္ဌာန်မလှ။ သို့သော် ခိုင်ခံ့သော ပရိဘောဂများ ဖြစ်သည်။ ကျွန်တော့်အိမ်တွင် အသစ်နှင့် အစားမထိုးနိုင်သေးခင်က အသုံးပြုခဲ့သော ပစ္စည်းများပင် ဖြစ်သည်။

mgyoe.com

mgyoe.com


စားပွဲပေါ်တွင် ဆေးပုလင်းများ၊ ဆေးထုပ်များနှင့် ဆေးခွက်များ တင်ထားသည်။ ထို့ပြင် လင်ပန်းငယ်ငယ်ကလေးနှင့် သနပ်ခါးခဲများ ထည့်ထားသည်။ သနပ်ခါးခဲကလေးများကြောင့် ထင်ပါ့၊ အခန်းထဲမှာ ဆေးနံ့မနံဘဲ သနပ်ခါးနံ့ သင်းနေပေသည်။

စားပွဲသည်လည်းကောင်း၊ ကုလားထိုင်များသည်လည်းကောင်း၊ ကြမ်းပြင်သည်လည်းကောင်း ကောင်းစွာ လှည်းကျင်း ဆေးကြောထားသဖြင့် သန့်ရှင်းနေသည်။ ယင်းတို့တွင် အစက်အပြောက်များရှိပါက ယင်းတို့သည် သနပ်ခါးစက်များပင် ဖြစ်လေသည်။

နံရံတို့တွင် ရုပ်စုံပြက္ခဒိန်များနှင့် အလှအပရုပ်ပုံများ ချိတ်ဆွဲထား၏။

လူမမာခန်းအဝင်ဝ လက်ယာဘက်နံရံတွင် အချိန်ဇယား ရေးဆွဲထားသော ကတ်ပြားတစ်ခုကို ချိတ်ထား၏။ ကျွန်တော့်သမီး ကြည်သာမြင့်က ကိုအေးမောင်အတွက် သိမ်ဖြူဆရာတော် ဆေးပေးကျွေးသည့် အညွှန်းအတိုင်း အချိန်ဇယားပြုလုပ်၍ ချိတ်ဆွဲထားခြင်း ဖြစ်၏။ ထိုအချိန်ဇယားကတ်ပြားကလေးကို ခဏကြည့်ပြီးနောက် ကျွန်တော်သည် လူမမာခန်းထဲသို့ ဝင်သွားလေသည်။

လူမမာခန်းဆိုသည်မှာ ကိုအေးမောင်နှင့် မလှရီတို့၏ အိပ်ခန်းပင် ဖြစ်ပါသည်။

တစ်ယောက်အိပ် ခုတင်နှစ်လုံးကို ဆက်၍ ခင်းထားသည်။ နှစ်ယောက် နိုင်လွန်ခြင်ထောင်ကြီးကို ချထားသဖြင့် အထဲက လူမမာကို ကောင်းစွာ မြင်ရပါသည်။

ကိုအေးမောင်ကား အရပ်ရှည်သူ၊ အရိုးအရင်းအမာခံကောင်းသူ ဖြစ်၏။ ထို့ကြောင့် သူ့ခေါင်းက ခုတင်ခေါင်းရင်းနှင့် ထိနေသလို သူ့ခြေထောက်က ခုတင်ခြေရင်းနှင့် ထိနေသည်။ ထို့ကြောင့် အနေ ချောင်အောင် ခပ်စောင်းစောင်း လှဲနေလေသည်။ သူ့ကိုယ်ပေါ်တွင် လွှာချင်းစောင်တစ်ထည် လွှမ်းထား၏။

ကျွန်တော်သည် နိုင်လွန်ခြင်ထောင်ကို ဖောက်၍သော်လည်းကောင်း၊ လွှာချင်းစောင်ကို ဖောက်၍သော်လည်းကောင်း၊ လူမမာ

mgyoe.com

mgyoe.com


ကိုအေးမောင်ကို သေချာစွာ စိုက်ကြည့်နေမိသည်။ ကမ္ဘဋ္ဌာန်းရုပ်ဆိုသည်မှာ ကိုအေးမောင်၏ ဤအခြေအနေမျိုးကို ဆိုလိုဟန်ရှိ၏။ လက်၊ ခြေ၊ ရင်ဘတ် စသည်တို့တွင် အသားဟူ၍ မရှိတော့။ အရိုးကို အရေဖုံးနေသည်။ ဗိုက်ကြီးကတော့ ဖောင်းနေသည်။ ခြေဖမိုးတို့ကလည်း ရောင်နေသည်။ အံ့သြစရာကောင်းသည်ကား မျက်နှာတွင် အသားအသွေးများ ကျန်နေသေးခြင်းဖြစ်၏။

ကျွန်တော်သည် နိုင်လွန်ခြင်ထောင်တွင်းက ကိုအေးမောင်ကို ကြည့်ရင်း (လောကုတ္တရာ ကမ္ဘဋ္ဌာန်းမဟုတ်သော) လောကီ ကမ္ဘဋ္ဌာန်း စီးဖြန်းနေမိလေသည်။

တစ်ခါတုန်းက မလှရီရဲ့ တောသူဌေးသား ကိုကိုအေး။ ယနေ့ မလှရီရဲ့ လူမမာ။

တစ်ခါတုန်းက စားလိုက်၊ သောက်လိုက်၊ ပျော်လိုက်ပါးလိုက်၊ လူတကာပေါ် ကျယ်လိုက်လုပ်ခဲ့သော လူမော် လူဇော် အမူးသမား ကိုအေးမောင်။ ယခု ဆရာဝန်များနှင့်တကွ လူအများက လက်လွှတ်လိုက်ရမည်ဟု နိမိတ်ဖတ်ထားသော အရက်နာကျနေသူ ကိုအေးမောင်။

ကျွန်တော်က ကိုအေးမောင်နှင့်ပတ်သက်၍ မိတ်ဆွေသင်္ဂဟများနှင့် ဆွေမျိုးသားချင်းများကို ဤသို့ ပြောမိသည်။

"ကိုအေးမောင်က မူးတုန်းသာ မကောင်းတာပါ။ မမူးရင်တော့ တော်တော်ကောင်းတဲ့လူပါဗျာ"

သည်တော့ ချက်ကျလက်ကျ ပြောတတ်သူအချို့က ချက်ချင်းပင် တုံ့ပြန်လိုက်ပါသည်။

"ခက်တာက သူ မမူးတဲ့အချိန် မရှိသလောက် ဖြစ်နေတာပဲဗျ"

ထိုစကားကို ကျွန်တော် မချေပနိုင်ချေ။

လယ်ကူလီမကလေး မလှရီ၏အမြင်တွင် ကိုအေးမောင်သည် တောသူဌေးသား ဖြစ်ခဲ့ဟန်တူသောကြောင့် ကျွန်တော်က တောသူဌေးသား ကိုကိုအေးဟု ခေါင်းစဉ်တပ်လိုက်သော်လည်း အမှန်အားဖြင့် ကိုအေးမောင်သည် တောသူဌေး၏ မြေးသာလျှင် ဖြစ်လေသည်။ သူ့အဘိုး မြို့စာရေး ခင်သည် ရွှေဘိုခရိုင် ဓိးကုန်း ထန်းတပင်ကြားမှ

mgyoe.com

mgyoe.com


ရွာတစ်ရွာတွင် ကြီးပွားချမ်းသာလေသော မြေပိုင်ရှင်ကုန်သည်တစ်ဦး ဖြစ်လေ၏။ ဘယ်ခေတ်၊ ဘယ်မြို့မှန်းတော့ မသိရ၊ မြို့ဝန်ထံတွင် စာရေးလုပ်ခဲ့ဖူးသော ဦးခင်ဖြစ်ခြင်းကြောင့် မြို့စာရေးခင်ဟု ခေါ်ကြသည် ဆို၏။ မြေယာကေများပိုင်ရှံမက အောက်ပြည် အောက်ရွာနှင့်ပင် ကူးသန်းရောင်းဝယ်ရေးလုပ်ခဲ့၏။ မန္တလေး၊ မြစ်ကြီးနား မီးရထားလမ်း ဖောက်ရာတွင် ဇလီဖားတုံးများ သွင်းခဲ့ရသူ သစ်လုပ်ငန်းရှင်တစ်ဦး လည်း ဖြစ်၏။ သားဖြစ်သူ မောင်ဘဒင် (ကိုအေးမောင်၏ အဖေ) ကို မန္တလေး စိန့်ပီတာကျောင်းသို့ ပို့ခဲ့၏။ မောင်ဘဒင်သည် စိန့်ပီတာ ကျောင်းမှ ခုနစ်တန်းအောင်ပြီးနောက် ကျောင်းထွက်ကာ အိမ်ကို ပြန်ခဲ့ လေသည်။ အိမ်အပြန်တွင် ခုနစ်တန်းပညာကို ယူလာရုံဆိုလျှင် တော် သေး၏။ မန္တလေးသူတစ်ဦး (ကိုအေးမောင်၏ အမေ) ကို ယူလာသဖြင့် ဆိုးလှလေသည်။ အကြောင်းမူကား မိဘက သူ့အတွက် ရည်မှန်းထားသူ ရှိပြီး ဖြစ်၍တည်း။ သို့သော် မောင်ဘဒင်သည် ထိုအခက်အခဲကို လွယ်ကူစွာ ကျော်လွှားနိုင်ခဲ့ပါသည်။ မိဘသဘောကျသော မိန်းမကို လည်း လက်ထပ်ယူလိုက်ပါ၏။ ထိုအချိန်တွင် ကိုအေးမောင်၏ အဖေ ဦးဘဒင်မှာ ၁၆ နှစ်သားသာရှိသေး၍ အမေ ဒေါ်မမမှာ ၁၈ နှစ်သမီး အရွယ် ဖြစ်လေသည်။

ကိုယ်ကြိုက် မယား၊ မိဘသဘောတူသော မယား၊ မယား နှစ်ယောက်နှင့် ကိုဘဒင်သည် မိဘ၏ လယ်ယာချောင်းမြောင်းကို ကြည့်ရှုရ၏။ အဖေဖြစ်သူက ကူးသန်းရောင်းဝယ်ရေးအတွက် လွှတ် သဖြင့် အဝေးသို့လည်း ခရီးသွားရ၏။ အညာကုန် အောက်ကုန် လဲလှယ် ရင်း သထုံသို့ ရောက်သွားသောအခါ သထုံသူတစ်ဦးနှင့် ချစ်ကြိုးသွယ် မိကာ တတိယမယားအဖြစ်ဖြင့် ဖိးကုန်း ထန်းတပင်အထိ ခေါ်ယူလာ ပြန်လာသည်။

ကိုဘဒင်သည် အပေးအကမ်း ရက်ရော၏။ အသုံးအစွဲကြီး၏။ အလုပ်ကိုကား ကြိုးကြိုးစားစားမလုပ်။ တစ်အိမ်စီထားသော မယား သုံးယောက်ကြားတွင် အရက်ကလေးတမြမြနှင့် ကူးချည် သန်းချည် လုပ်ရင်း ဘဝစည်းစိမ်ကို ခံစားနေလေသည်။ မန္တလေးသူ ဒေါ်မမမှ

mgyoe.com

mgyoe.com

သားလေးယောက် ဖွားမြင်လေသည်။ ကိုအေးမောင်က သားအကြီးဆုံး ပေတည်း။

ဦးဘဒင်သည် မိဘ၏ ပစ္စည်းဥစ္စာကို တိုးပွားအောင် မလုပ်နိုင်ဘဲ ကျဆင်းအောင်သာ လုပ်နိုင်ခဲ့လေသည်။ မြို့စာရေး ခင်၏ လယ်ယာ အချို့ကို ပေါင်နှံရောင်းချပစ်သည်။ ကုန်ရောင်းကုန်ဝယ်တွင် ရှုံးပစ်သည်။ သို့သော် အဖေဖြစ်သူ မြို့စာရေးခင်က ဇက်ကြိုးဆွဲနိုင်၍ တော်ပါသေး ၏။ ပစ္စည်းဥစ္စာတွေကို အားလုံး ကုန်မသွားသေး။ အထိုက်အလျောက် ကျန်သေး၏။

ထိုအချိန် ထိုပတ်ဝန်းကျင်တွင် ကိုအေးမောင် လူလားမြောက်လာ ခဲ့သည်။ အဖေတို့ ထန်းရည်အိုး ခွက်လှည့်ရာတွင် နှစ်ပတ် သုံးပတ် လှည့်အပြီး အပျော်အပြက် ရယ်စရာ မောစရာအဖြစ်ဖြင့် တစ်ခွက်စ နှစ်ခွက်စ သောက်ခွင့်ရလာသည်။ မိထွေးများအိမ်သို့ အဖေနှင့်လိုက် ရင်း၊ အရက်ပုလင်းလက်ကျန်ကလေးကို မြည်းခွင့်ရခဲ့လေသည်။ နောက်တော့ မြည်းရုံမက လက်ကျန်ကုန် ရှင်းခွင့်ရလာလေသည်။

ကိုအေးမောင်သည် အဖေ့ထံမှ တောသူဌေးသားစိတ်နှင့် တော သူဌေးသား ဂိုက်များကို တမင် မလေ့လာ မသင်ကြားရဘဲ ပုံတူကူးယူ ရရှိခဲ့လေသည်။ အဖေလိုပင် သောက်စားမူးယစ်တတ်လာရုံမက အဖေ လို အသုံးအဖြုန်း၊ အပေးအကမ်း များချင်သည်။ အခြားတောသူဌေး သားများနည်းတူ လူတကာအပေါ် ကျယ်ကတ်ကတ် လုပ်လိုသည်။ သို့သော် ကိုအေးမောင်သည် အဖေ့ဝါသနာတစ်ခုကိုကား အမွေမရ လိုက်။ ယင်းကား မယားငယ်ထားသော ဝါသနာ။

ကိုအေးမောင်၏အဘိုး မြို့စာရေးခင်၊ ကိုအေးမောင်၏ အဖေ ဦးဘဒင်တို့၏ခေတ်နှင့် ကိုအေးမောင်၏ခေတ် မတူတော့ချေ။ ‘ယောကျ်ား ကောင်း မောင်းမတစ်ထောင်’ ဟူသော ခေတ်ကား တဖြည်းဖြည်း မှေးမှိန် လာပေပြီ။ ယနေ့အထိ လူအများအပြားသည် မယားငယ် ယူကြပါသေး ၏။ သို့သော် မည်သူမျှ မယားငယ်ယူခြင်းသည် မှန်သည်၊ တရားဝင် သည်၊ လူ့အဖွဲ့အစည်းက ခွင့်ပြုသောထုံးစံဖြစ်သည်ဟု မဆိုနိုင်ကြချေ။ ကိုအေးမောင်သည် ဤကိစ္စတွင် သူ့အဘိုး သူ့အဖေတို့ထက် ခေတ်မီ

mgyoe.com

mgyoe.com


တိုးတက်သွားချေပြီ။ 'ယောက်ျားကောင်း မောင်းမတစ်ထောင်' ဟူသော စကားကို လက်မခံတော့ချေ။ သို့သော် ကိုအေးမောင်သည် 'ကျွန်ကုလား၊ မယားတောသူ' ဟူသောစကားကိုကား နှစ်နှစ်ကာကာကြီး၊ စွဲစွဲလမ်း လမ်းကြီး လက်ခံယုံကြည်သူပေတည်း။

ကိုအေးမောင်သည် ထန်းတပင်မြို့ မြန်မာ အလယ်တန်း ကျောင်းမှ ခုနစ်တန်း အောင်သည်။ သူ့အဘိုးနှင့် သူ့အဖေတို့က ဉာဏ် ကောင်းသော၊ စာတော်သော မောင်အေးမောင်ကို မန္တလေးသို့လွှတ်ပြီး အင်္ဂလိပ်ဘာသာ အလွတ်ပညာသင်ကျောင်းမှာ သုံးနှစ်တိုင်တိုင် ထားခဲ့ ၏။ အမေ့ဘက်မှအမျိုးတွေကလည်း မန္တလေးမြို့မှာနေကြသည် မဟုတ် ပါလား။

မန္တလေးတွင် သုံးနှစ်တိုင်တိုင် ပညာသင်ကြားခဲ့သော်လည်း ကိုအေးမောင်သည် ပေါက်ပေါက်မြောက်မြောက် ပညာမတတ်ခဲ့ပါ။ အင်္ဂလိပ်စာ ချောက်ချီးချောက်ချက်သာ တတ်ခဲ့ပါသည်။ သူနှင့် အမေ့ ဘက်မှ ညီအစ်ကိုတစ်ဝမ်းကွဲတော်သော စာရေးဆရာ မန်းတင် (ယခု သံအမတ်ကြီး ဦးထွန်းတင်) နှင့် ကွာလှ၏။ ညီ မောင်ထွန်းတင်ကား ပေါက်ပေါက်မြောက်မြောက် ပညာတွေတတ်သွားခဲ့သည်။

ပညာ ပေါက်ပေါက်မြောက်မြောက် မတတ်သော ကိုအေးမောင် သည် ဇီးကုန်းသို့ ပြန်ရောက်သောအခါ အချိန်တန်အရွယ်ရောက်ပြီမို့ အသက်မွေးဝမ်းကျောင်းမှုတစ်ခုခုတော့ ပြုရပေတော့မည်။ ထိုစဉ်က မြန်မာ ခုနစ်တန်းနှင့် အင်္ဂလိပ်စာ ချောက်ချီးချောက်ချက် တတ်သည်ဆို လျှင် စာရေးဝင်လုပ်လိုက လုပ်နိုင်ပေသည်။ သို့သော် တောသူဌေးသား သည် ဘဝင်ကိုင်နေ၏။ စာရေးလောက်တော့ မလုပ်လို။ မိဘလက်ငုတ် အလုပ်များ ဆက်လုပ်ရန် ဆုံးဖြတ်၏။ အဘိုး၏ မြေယာတွေအနက် အချို့အဝက် ကျန်သေးသည် မဟုတ်ပါလော။ ထိုအချိန်တွင် အဖေ လုပ်သူ ဦးဘဒင်ကလည်း အသုံးအဖြုန်းလျှော့၍ လယ်ယာလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် စိတ်အားထက်သန်နေချိန် ဖြစ်လေသည်။ သားအဖ တက်ညီလက်ညီ ကြိုးစားကြလျှင် ကျဆင်း ပျက်ပြားနေသော အဘိုး၏ စီးပွားရေးအခြေအနေ (ဝါ) မိသားစု၏ စီးပွားရေးအခြေအနေ

mgyoe.com

mgyoe.com


ကို ပြန်လည်ထူထောင်နိုင်ပါလိမ့်မည်။ ထို့ကြောင့် ကိုအေးမောင်၏ အဖေ ဦးဘဒင်သည် သားနှင့်အတူ ခေတ်မီစိုက်ပျိုးရေးလုပ်ရန် ဆုံးဖြတ်လိုက်လေသည်။ သိမ်းစားချထားသော လယ်များထဲမှ ၁၅ ဧကကို ပြန်ယူပြီး ဦးစွာပထမ သားအဖ ကိုယ်တိုင်လုပ်ကြလေသည်။ သို့သော် သူတို့ကား လက်ကြောတင်းအောင် အလုပ်လုပ်ချင်သူများ မဟုတ်ကြ။ တောင်သူလယ်သမားအလုပ်သည် ရွှံ့ထဲ နွံထဲတွင် ကျွဲနွားတို့နှင့် ဖက်ပြီး ရုန်းကန်ရသော အလုပ်ဖြစ်သည်။ သူတို့က တောသူဌေးသားတွေလိုသာ သောက်လိုက် စားလိုက် ပျော်ပါးလိုက်နှင့် ဆက်နေချင်လေသည်။ မြေ ၁၅ ဧကတွင် သူတို့ စတင်လုပ်ကိုင်ကြသော ခေတ်မီစိုက်ပျိုးရေးလုပ်ငန်းသည် သောင်မတင် ရေမကျ စကောစကသာ ဖြစ်နေလေသည်။ မြို့စာရေးခင်၏ မူလအခြေအနေကို ပြန်ရောက်ရန်ဟူသော ရည်မှန်းချက်ပြည့်ဝရေးအတွက် ဖခင် ဦးဘဒင်ကလည်း ရှေ့မဆောင်နိုင်၊ သားကိုအေးမောင်ကလည်း မစွမ်းဆောင်နိုင်။ ရလဒ်ကတော့ မြို့စာရေးခင်၏ လယ်ယာမြေအချို့ကို နောက်ထပ် ပေါင်နှံရောင်းချရခြင်းပေတည်း။

ဦးဘဒင်သည် သူ မသေမီ အတော်ပင် နောင်တရသွားခဲ့ဟန်ရှိ၏။ အရက်ကို ငြိုးခြံသောက်၏၊ အပျော်အပါးကို လျှော့၏။ သားဖြစ်သူ ကိုအေးမောင်ကို အလွန်အကျွံ မသောက်မစားရန် ဆိုဆုံးမ၏။ "ငါ့သား၊ အရက်ကို လူက နိုင်စေရမယ်။ အရက်က လူကို မနိုင်စေရဘူး။ ဒီလိုသောက်နိုင်ရင် သောက်၊ နို့မဟုတ်ရင် မသောက်ရဘူး"

ဦးဘဒင် နောင်တရခြင်းသည် မိမိအတွက်ရော၊ သားအတွက်ပါ နောက်ကျသွားလေပြီ။ ဦးဘဒင် ရုတ်တရက် ကွယ်လွန်သွားလေသည်။ ဖျားနေစဉ် ဆေးမှားသောက်၍ သေသည်ဟု အချို့ကပြောသည်။ အရက်အလွန်အကြူးသောက်၍ အရက်နာကျပြီး သေခြင်းဖြစ်သည်ဟု အချို့ကပြောသည်။ ဆေးရုံမှာ ရင်ခွဲကြည့်သောအခါ၌ အသည်းဆန်ခါ ကျနေကြောင်းနှင့် အချို့ကလီစာတွေ ခြောက်သွေ့နေကြောင်း တွေ့ရသည်ဟု အဆိုရှိပါသည်။

အဖေဖြစ်သူက ကိုအေးမောင်အား ဘဝသင်ခန်းစာ ပေးခဲ့၏။ "အရက်ကို လူက နိုင်စေရမယ်၊ အရက်က လူကို မနိုင်စေရဘူး။ နို့

mgyoe.com

mgyoe.com

မဟုတ်ရင် မသောက်ရဘူး" ကိုအေးမောင်သည် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသူဖြစ်၏။ အထင်ကြီးလောက်အောင်လည်း ကျန်းမာရေးက ပြည့်စုံသည်။ အရပ်အမောင်းကောင်းပြီး ကိုယ်ခန္ဓာတောင့်တင်းသည်။ တော်တော်သောက်ရုံနှင့်လည်း မမူးတတ်။ ထို့ကြောင့် အရက်ကို သူက နိုင်သည်ဟု ထင်နေသည်။ ထို့ပြင် ထိုစဉ်က ဇီးကုန်း ထန်းတပင်တစ်ဝိုက်တွင် အရက်ဖြူသောက်သုံးမှုထက် ထန်းရည်သောက်သုံးမှုက ပိုလို့ပျံ့နှံ့သည်။ ကိုအေးမောင်သည် ထန်းရည်တမြမြမူးကာ ဘဝစည်းစိမ်ကို ခံစားနေလေသည်။ ရံဖန်ရံခါသာ အရက်ဖြူသောက်လေသည်။

ကိုအေးမောင်၏ အဖေ သေသော်လည်း အဘိုးဖြစ်သူ မြို့စာရေးခင်က မသေသေး။ မြို့စာရေးခင်၏ အရှိန်က ကြီးဆဲဖြစ်သည်။ ပညာစကောစက၊ အလုပ် တောင်မရောက် မြောက်မကျဖြစ်နေသော ကိုအေးမောင်သည် အဘိုး၏ အရှိန်ကိုသုံးကာ တောသူဌေးသားလိုပင် သွားလာလှုပ်ရှားနေလေသည်။

မြို့စာရေးခင်သည် ငယ်စဉ်က သတ္တိကောင်းသည်၊ ရဲတင်းသည်၊ သတ်ရဲဖြတ်ရဲသည်ဟု နာမည်ကြီးလေသည်။ တစ်ခါတုန်းက ညဉ့်နက်သန်းခေါင် ထန်းတပင်နှင့် ဇီးကုန်းကြားတွင် မြို့စာရေးခင် မြင်းစီးသွားစဉ် သရဲနှင့် တွေ့ရသည်ဟု ဆိုလေသည်။ မြို့စာရေးခင်သည် မြင်းကို အသော့နှင်၍ ထွက်မပြေးဘဲ မြင်းပေါ်က ဆင်းလာကာ သရဲနှင့် ရင်ဆိုင်တိုက်ခိုက်လေသည်။ အကြိတ်အနယ် တိုက်ခိုက်ပြီးနောက် သရဲသည် ရှုံးနိမ့်ကာ ကြေပျက်ပျောက်ကွယ်သွားလေသည်။ သူ့အဘိုးအကြောင်း လူအများစုက ဤသို့ပြောသလို ကိုအေးမောင်ကလည်း ပြောပြီး ဂုဏ်ယူလေ့ရှိသည်။ ဝင့်ကြွားလေ့ရှိသည်။ မြို့စာရေးခင်၏ အရှိန်ကိုယူကာ သတ္တိပြချင်သည်။ အဘိုး၏ဉာဉ်ကို အမွေရလိုက်သည်ဟု ဆိုနိုင်ပါ၏။ ကိုအေးမောင်ကား အဘိုး၏ ကြီးပွားချမ်းသာရေး ဖွံ့လုံ့လနှင့် အခြားဉာဉ်များကို အမွေဆက်ခံ ပျိုးထောင်ယူရန် မကြိုးစားသော်လည်း ဤဉာဉ်ကိုကား နှစ်နှစ်ကာကာကြီး အမွေဆက်ခံ ပျိုးထောင်ယူလေသည်။ အမွေဆက်ခံထားသော ထိုဉာဉ်ကို မူးနေသောအချိန်များ၌ ပိုမိုလုံ့လစိုက်ထုတ်ကာ ပြုစုပျိုးထောင်လေသည်။ မူးစဆိုလျှင် အချင်း

mgyoe.com

mgyoe.com


ချင်း စကားဖြင့် အနိုင်ယူလိုသည်။ ကျယ်ကတ်ကတ်ပြောသည်။ တဖြည်းဖြည်း တစ်ယောက်ယောက်အပေါ် ဗိုလ်ကျလာသည်။ အမူးရင့်လာသောအခါ အနီးရှိ တစ်ယောက်ယောက်နှင့် ရန်ဖြစ်လေတော့သည်။ အရှုံးမပေးသူကို ရိုက်ချင် နှက်ချင် ဖြစ်လာလေသည်။

ထိုစဉ်က ဇီးကုန်း ထန်းတပင်တစ်ဝိုက်တွင် မြို့စာရေးခင်၏ အရှိန်ကြောင့် အမူးသမား ကိုအေးမောင်၏ စော်ကားမှု၊ ရန်ရှာမှု၊ ထိုးမှု ကြိတ်မှုနှင့် ရိုက်မှုနှက်မှုများကို အများက သည်းညည်းခံကြသည်။ 'စကားနည်း ရန်စဲ' ဆိုပြီး အရှုံးပေးကြသည်။ သူစိမ်းများထက် ဆွေမျိုးသားချင်းများက ပိုပြီးသည်းညည်းခံကြသည်။ သူ မူးလာပြီဆိုလျှင် သူ့ညီငယ်များသည် သူ၏အဆုံးအမခံ၊ အညှဉ်းဆဲခံများ ဖြစ်ရတော့သည်။

အမူးသမားများသည် အကြမ်းဖျင်းအားဖြင့် နှစ်မျိုးရှိ၏။ တစ်မျိုးမှာ အေးအေးမူးပြီး နောက်ဆုံး လဲကျအိပ်ပျော်သွားသည်။ ကျန်တစ်မျိုးမှာ ဆူဆူပူပူ မူးကာ ရန်ဖြစ်ပြီး လဲကျသွားရလေသည်။ သူများကိုထိုးရင်း အရှိန်လွန်ပြီး သူ့ဘာသာသူ ဟပ်ထိုးလဲကျခြင်း ဖြစ်ကောင်း ဖြစ်သည်။ တစ်ဖက်သားက မခံနိုင်သည့်အဆုံး ပြန်ထိုးကြိတ်၍ သူ ခံရကာ လဲကျသွားခြင်း ဖြစ်ကောင်းဖြစ်မည်။ ကိုအေးမောင်ကား ဒုတိယအမျိုးအစားထဲက အမူးသမားဖြစ်ပေ၏။

သူသည် အရက်ကို သူက နိုင်သည်ဟု အထင်ကြီးကာ အရက်ကို သောက်ရင်း အရက်က နိုင်သွားခြင်းကို ခံရသော အမူးသမားလည်း ဖြစ်၏။ ယခု သူသည် လူမမာခန်းထဲမှာ နိုင်လွန်ခြင်ထောင်အောက်တွင် အရက်၏ထိုးနှက်ခြင်းကို ပြင်းထန်စွာခံရကာ လဲကျနေရှာပြီ။

"ကဲ... ကိုဝင်း၊ ခြင်ထောင် မ,တင်စမ်းဗျာ"

ကိုဝင်းသည် ဖြည်းညင်းသက်သာစွာ ခြင်ထောင်ကို မ,တင်လိုက်လေသည်။

"ဒီနေ့မနက် သူ တစ်ခါမှ မနိုးသေးဘူးလား"

"မနိုးသေးဘူး ဆရာ၊ နိုးလည်း... သူက ဒီလိုပဲ မှိန်းနေတော့ နိုး မနိုး မသိပါဘူး"

"ဒါဖြင့်... ဒီနေ့မနက် ဘာအစာမှ မကျွေးရသေးဘူးပေါ့။ ဆေး

mgyoe.com

mgyoe.com

လည်း မတောင်း၊ အစာလည်း မတောင်းသေးဘူးပေါ့"

"ဟုတ်ပါတယ်"

လူမမာ ကောင်းစွာ အစားမဝင်သည်မှာ အတော်ကြာသွားလေပြီ။

ယခုလောလောဆယ် လူမမာသည် မှိန်းနေသလား မေ့မျောနေသလား ခွဲခြားမသိနိုင် ဖြစ်နေလေသည်။

"ကိုအေးမောင်၊ ကိုအေးမောင်" ဟု ကျွန်တော်က ခပ်ကျယ်ကျယ် ခေါ်လိုက်လေသည်။

ကိုအေးမောင်သည် မျက်စိဖွင့်ကြည့်လိုက်၏။ မေ့မျောခြင်း မဟုတ်သဖြင့် ဝမ်းသာရ၏။ သို့သော် ဝမ်းသာမှုမှာ ချက်ချင်း ရပ်စဲသွား၏။ သူ့မျက်လုံးအနေအထားကို ကျွန်တော် မကြိုက်။ ဟောက်နေပြီဖြစ်သော မျက်တွင်းမှ ကျွတ်ထွက်တော့မတတ် ပြူးနေလေသည်။

"ဘယ့်နှယ်နေသလဲ၊ ကိုအေးမောင်"

အားနည်းသောအသံဖြင့် လူမမာက တုံ့ပြန်ပါသည်။

"သည်လိုပဲဗျ"

လူမမာ မဖြစ်ခင်ကဆိုလျှင် ကိုအေးမောင်သည် ကျွန်တော်နှင့် စကားပြောသောအခါအဆုံးတွင် 'ဗျ' မထည့်တတ်။ 'ကိုကြီး' ထည့်ပြောတတ်သည်။ 'ဟုတ်ကဲ့ ကိုကြီး'၊ 'သည်လိုပဲ ကိုကြီး"။ ယခုတော့ 'သည်လိုပဲဗျ' တဲ့။ ယခု လူမမာဖြစ်တော့ ပိုရိုသေသမှု ပြုလိုဟန်ရှိသည်။ စင်စစ် သူသည် ကျွန်တော့်ထက် နှစ်နှစ်ကြီးသည်။ ကျွန်တော့်ကို ရိုသေလေးစားသောအားဖြင့် ကိုကြီးဟု ခေါ်ခြင်းဖြစ်လေသည်။ သူသည် သူ့အောက်ငယ်သော ကျွန်တော့်ကို ရိုသေလေးစားသဖြင့် တစ်ခါတစ်ရံ ဦးချကန်တော့တတ်သည်။ အထူးသဖြင့် သူ သိပ်မမူးသောအချိန်၊ ကိစ္စတစ်ခုခုအတွက် သူ့ကို ဆိုဆုံးမလျှင် သူသည် ကျွန်တော့်ကို အကြိမ်ကြိမ်ကန်တော့သည်။ သိပ်မူးပြီဆိုတော့လည်း သူ့အနား ကျွန်တော် မကပ်တော့ချေ။

လူမမာကို ကြည့်ရသည်မှာ မနေ့ကထက် ယနေ့ အခြေအနေ ပိုဆိုးသည်။ မနေ့ကအထိ သူသည် အခန်းဝက ကတ်ပြားတွင် ကျွန်တော့် သမီးရေးထားသော အချိန်ဇယားအတိုင်း သူ့ဆေးသူ တောင်းသောက်

mgyoe.com

mgyoe.com


ခဲ့လေသည်။

"ကိုအေးမောင် မနက်ဆေး မသောက်ရသေးဘူး"

"ဟုတ်တယ်ဗျ"

"ကိုင်း... ကိုယ်တိုက်ခဲ့မယ်။ ဆေးတစ်ခွက် သောက်လိုက်ဦး"

"ဟုတ်ကဲ့"

ကျွန်တော်သည် တစ်ဖက်ခန်းကူးကာ နံနက်ဆေးကို ဖျော်၍ တိုက်လိုက်ပါသည်။ ချောချောမောမောပင် ဆေးဝင်သွား၏။

ကိုအေးမောင် အရက်နာကျ၍ ကျွန်တော် ဆေးကုပေးရခြင်းမှာ ဤအကြိမ်သည် တတိယအကြိမ်ဖြစ်၏။

ပထမအကြိမ်တွင် ဒေါက်တာလာမက်ကိုခေါ်ပြီး ဆေးကုသပေးခဲ့လေသည်။ လွန်ခဲ့သော လေး ငါး ခြောက်နှစ်လောက်က ဖြစ်၏။ ဒေါက်တာလာမက်၏ စားဆေး၊ ထိုးဆေးများဖြင့် ပျောက်သွားခဲ့သည်။ ဒေါက်တာလာမက်က အရက်စွဲသူကို ရုတ်တရက် အရက်ဖြတ်စေခြင်းသည် မကောင်းဟုဆိုကာ နည်းနည်း နည်းနည်း ဆက်သောက်ခွင့်ပြုခဲ့လေသည်။ ကိုအေးမောင်သည် နည်းနည်း နည်းနည်းသောက်ရာက ဖြတ်မပစ်ဘဲ များများသောက်သွားပြန်လေသည်။

အသောက်လွန်တော့ အစားနည်းလာသည်။ အစားနည်းတော့ အားနည်းလာသည်။ အားနည်းလာသောအခါ သူသည် သေမှာကြောက်လာသည်။ ထိုအခါ အရက်ဖြတ်ဖို့ ကြိုးစားပြန်သည်။ သို့သော် အရက်ပြတ်လည်း ခဏသာပင်။

သည်လိုနှင့် လွန်ခဲ့သောနှစ်နှစ်လောက်က ကျွန်တော် သူ့ကို ဆေးကုပေးရပြန်လေသည်။ ဒုတိယအကြိမ် ဆေးကုပေးခြင်း။

ကျွန်တော်သည် သူ့ကို သိမ်ဖြူဆရာတော် ရှင်နာဂသေနထံသို့ ခေါ်သွား၏။ သိမ်ဖြူဆရာတော်နှင့် ပထမအကြိမ် ဆေးကုပေးခြင်းဖြစ်ပါတယ်။ လူမမာသည် လမ်းလျှောက်နိုင်သော အခြေအနေ၊ ဆရာတော်ကို ကျကျနန ဒူးတုပ်ရှိခိုးနိုင်သော အခြေအနေမှာ ရှိခဲ့လေသေးသည်။

၁၉၇၄ ခုနှစ် အလယ်ပိုင်းလောက်က ဖြစ်သည်။

❐

mgyoe.com

mgyoe.com

## အခန်း (၃)
## ကေရာဇ်မြစ်၏ တန်ခိုး

ထိုအချိန်က ကိုအေးမောင်သည် အရက်ကို ဖြတ်လိုက်၊ နောက် ဆက်သောက်လိုက်၊ အရက်ကို လျှော့သောက်လိုက်၊ သိပ်သောက်လိုက် လုပ်နေခဲ့လေသည်။

အရက်ကို သိပ်သောက်ပြီဆိုလျှင် သူတို့အိမ်ဘက်မှ ဆူဆူပူပူ အသံများကို ကြားရတော့၏။ ထိုဆူဆူပူပူအသံများသည် ကျွန်တော့်ကို အနှောင့်အယှက်ပေး၏။ သို့သော် သူ သိပ်မူးနေချိန်တွင် ကျွန်တော်က သည်းညည်းခံနေရသည်။ ကျွန်တော် သွား၍ဆုံးမလို့မဖြစ်။ မူးနေသူ သည် အဆင်ခြင်ဉာဏ်ကင်းမဲ့နေရာ ဆင်ခြင်တုံတရားနှင့် ယှဉ်သော ဆိုဆုံးမမှုကို လက်မခံတတ်။ လက်မခံရုံဆိုလျှင် တော်သေး၏။ ဆိုဆုံးမ သူကို ပြန်ကော်လျှင် ကျွန်တော်က ဆက်သည်းခံဖို့ ခက်သွားပေလိမ့် မည်။ ထိုအခါ လူချင်း ကွဲရတော့မည်။ ထို့ကြောင့် ကျွန်တော်သည် သူ မူး၍ ဆူပူနေပြီဆိုလျှင် "သူ့အိမ်မှာ သူ ဆူတာပဲ၊ သူ့မယား သူရိုက် တာပဲ၊ သူ့အိမ်တွင်းရေး ငါမစွက်ဖက်ပါဘူး" ဟု သဘောပိုက်ကာ သူက ကျွန်တော့်ကို တမင်လာပြီး မစော်ကား မနှောင့်ယှက်သမျှ ငြိမ်

mgyoe.com

mgyoe.com


နေလိုက်ရသည်။ သူ အမူးပြေတော့မှ သွားပြီး ဆိုဆုံးမရသည်။ တစ်ခု တော့ ရှိသည်။ သူသည် မည်မျှမူးမူး ကျွန်တော့်ကိုတော့ တမင်လာပြီး မနှောင့်ယှက်တတ်။ မည်သို့မျှ မစော်ကားတတ်။ တတ်နိုင်လျှင် ကျွန်တော့်ရှေ့မှာ မမူးဟန်ပင် ဆောင်တတ်သည်။ သူ အမူးပြေချိန်၊ လူကောင်းဖြစ်နေချိန်များ၌ကား ကျွန်တော့်ကို အလွန်ရိုသေသည်။ ကျွန်တော် ဆိုဆုံးမသည်ကို မျက်နှာငယ်ကလေးနှင့် ငြိမ်ပြီး နားထောင်လေ့ရှိသည်။ တစ်ခါတစ်ခါတော့ ငို၍ သူကပြောသည်။ "ကျွန်တော်တော့ ကိုယ့်ကိုယ်ကိုယ် အဖတ်ဆယ်ရတော့မယ် မထင်ပါဘူး၊ အရက်က လူကို နိုင်နေပြီ" တဲ့။

ကျွန်တော်က...

"ယောက်ျားပဲ ကိုအေးမောင်၊ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်ရမှာပေါ့။ ကြာတော့ ကိုယ့်လူကျန်းမာရေးကို ထိခိုက်လာလိမ့်မယ်၊ အရက်က အသက်ကို ရန်ရှာလာလိမ့်မယ်"

ကိုအေးမောင်က...

"ဟုတ်ကဲ့... ကျွန်တော် ဖြတ်ပါမယ်"

သူ ကြိုးစားဖြတ်၏။ သို့သော် အခိုက်အတန့်သာ ဖြတ်နိုင်လေသည်။

၁၉၇၄ ခုနှစ်လယ် ထိုအချိန်က သူ့မွေးနေ့ကို သူ့အပေါင်းအသင်းများနှင့် ရန်ကုန်မြို့တစ်နေရာတွင် ကျင်းပခဲ့လေသည်။ ကျွန်တော် မကြိုက်မှန်းသိသဖြင့် သူသည် အပေါင်းအသင်းများနှင့် ဝိုင်းဖွဲ့လျှင် အိမ်မှာမဖွဲ့၊ အခြားတစ်နေရာမှာ ဝိုင်းဖွဲ့လေ့ရှိသည်။ ခြွင်းချက်အားဖြင့် အလွန်ရင်းနှီးသူ တစ်ယောက်နှစ်ယောက်ကိုသာ အိမ်ခေါ်လာပြီး ဝိုင်းဖွဲ့သည်။ ထိန်းထိန်းသိမ်းသိမ်း ပြုမူသော ဝိုင်းဖြစ်ခဲ့ပါ၏။ ကိုအေးမောင်သည် ထိုမွေးနေ့ပါတီကို အပြင်မှာ ကျင်းပခဲ့ပြီးနောက် အိမ်မှာ သူတစ်ယောက်တည်း ဆက်သောက်ရန် ပုလင်းတစ်လုံးကို လွယ်အိတ်ထဲမှာ ထည့်ခဲ့၏။ ဤသည်မှာလည်း ထုံးစံတစ်ခု။ သူသည် ရုံးဆင်းလျှင် မြို့ထဲတစ်နေရာမှာ အပေါင်းအသင်းနှင့် ဝိုင်းဖွဲ့တတ်၏။ ပြီးတော့ အိမ်မှာ တစ်ယောက်တည်း ဆက်သောက်ရန် တစ်လုံးလုံးကိုသော်လည်း

mgyoe.com

mgyoe.com

ကောင်း၊ တစ်ဝက်ကိုသော်လည်းကောင်း ယူလာတတ်၏။

ထိုနေ့က ကိုအေးမောင် ပြန်လာသည်မှာ ညနေ ၈ နာရီလောက်ရှိပြီ ဖြစ်သည်။ ကျွန်တော်တို့ အိမ်မှာတော့ မီးတွေထွန်းပြီး စာဖတ်သူကဖတ်၊ ရေဒီယို နားထောင်သူက ထောင်နေကြသည်။ အိမ်အပြင်ဘက်မှာကား မှောင်အတိကျနေ၏။

ကိုအေးမောင်သည် မှောင်ထဲမှာ တိုးတိုးတိတ်တိတ် ပြန်လာခြင်းဖြစ်အောင် ကြိုးစားသည်။ သို့သော် ကျွန်တော်တို့ သိပါသည်။ ကျွန်တော့်အိမ်ဝင်းထဲသို့ လမ်းပေါ်မှဆင်းလာရာတွင် ပထမဦးဆုံး သုံးဘီးကားပေါ်မှ ဆင်းရ၏။ သုံးဘီးကား မောင်းလာသံနှင့် ထိုးရပ်သွားသံကို ကျွန်တော်တို့ ကြားနိုင်၏။ ပြီးတော့ ကျွန်တော့် အိမ်ပေါက်တောက်လျှောက်ရောက်သော အုတ်လှေကားတွင် ဆင်းလာသော ခြေသံကို ကြားရ၏။ မမူးသောခြေသံနှင့် မူးသောခြေသံကိုလည်း ခွဲခြား၍ သိနိုင်၏။ နောက်ပြီးတော့ ကျွန်တော့် အိမ်ဘေးကို ကွေ့ဖြတ်သွားရသော ခြေသံများ။

ကိုအေးမောင် သူ့အိမ်ပေါ်သို့ ရောက်လေသော် မလှရီ၏ ခြေသံများကို ကြားရလေပြီ။ ကျွန်တော့်အိမ်ဘေးကို ကွေ့ဖြတ်သော ခြေသံ။ အုတ်လှေကားကို တက်သွားသောခြေသံ။ အတန်ကြာတော့ သုံးဘီးကား မောင်းထွက်သွားသော အသံ။

မလှရီ သုံးဘီးကားနှင့် လိုက်ပါသွားခြင်း မဟုတ်ပါ။ ကိုအေးမောင်သည် မူးလာပြီဆိုလျှင် တောသူဌေးသားဉာဉ်တွေ အပြည့်ပေါ်လာ၏။ ရုံးစာရေးလုပ်၍ရသော ပိုက်ဆံကို နှမြောရမှန်း မသိတော့။ အိတ်ကပ်ထဲ ပါသမျှပိုက်ဆံကို အကုန်သုံးပစ်သည်။ ပြီးတော့ မြို့ထဲမှ အပြန်တွင် ဘတ်စ်ကားမစီး၊ သုံးဘီးကားစီး၍ ပြန်လာ၏။ မလှရီက သုံးဘီးကားခ ဆီးပေးရ၏။ ဤသည်လည်း ထုံးစံတစ်ခု။

ခဏကြာလျှင် ကိုအေးမောင်တို့အိမ်မှ ရေဒီယိုသံကို ကြားရသည်။ နောက်ခဏကြာတော့ ကိုအေးမောင်၏ စွာကျယ်ကျယ် အသံသည် ရေဒီယိုသံကို စီး၍ ပျံ့လွင့်လာသည်။

ကိုအေးမောင်သည် ဟိုဟာအလုပ်ခိုင်း၊ သည်ဟာအလုပ်ခိုင်း

mgyoe.com

mgyoe.com

ခိုင်း၏။ မူးမူး၊ မမူးမူး သူသည် ကိုယ်တိုင်လည်း အလွယ်တကူ လုပ်နိုင်သော အလုပ်ကိုပင် မလုပ်။ မလှရီကို ခိုင်းလေ့ရှိသည်။ ညာဘက်လက်ယား၍ ဘယ်ဘက်လက်နှင့် ကုတ်ရမှာကိုပင် မလုပ်၊ မလှရီကိုခေါ်ပြီး အကုတ်ခိုင်းတတ်သည့် အလေ့အထမျိုး။ မူးပြီဆိုတော့ ပိုခိုင်းသည်။ အလုပ်မရှိလျှင်ပင် အလုပ်ရှာခိုင်းသည်။ ခိုင်းရုံဆို တော်သေး၏။ ပါးစပ်ကလည်း 'ကြေး (ဂျီး) များ' လိုက်သေးသည်။ ဆူပူကြိမ်းမောင်းလိုက်သေးသည်။ မလှရီကလည်း ခိုင်းသမျှ လုပ်ပေးရှာပါ၏။ သို့သော် ဟိုယခင်က မလှရီနှင့် ယခု မလှရီ အတော်ကွာခြားလာပြီ။ ဟိုယခင်ကတော့ ကိုအေးမောင်ပြောသမျှ ကြိုက်ကြိုက်၊ မကြိုက်ကြိုက် ခုခံပြောဆိုခြင်း၊ ပြန်လည်ရှင်းလင်း တင်ပြခြင်း မရှိခဲ့။ ယခုတော့ (ကျွန်တော်တို့ အိမ်ရောက်ပြီး နောက်ပိုင်းကျမှ) မလှရီက စကားပီ နားလည် ပိုရှိလာသည်။ အမြင် ပိုကျယ်လာသည်။ ထို့ကြောင့် ကိုအေးမောင် ပြောနေတာ မှားမှန်းသိလျှင်၊ သို့မဟုတ် ကိုအေးမောင် ပြောတာကို မကြိုက်လျှင် မလှရီက ခုခံပြောဆိုသည်။ ပြန်လည်ရှင်းလင်း တင်ပြသည်။ ဒါကို ကိုအေးမောင်က မလှရီ ဆင်ခြေများသည်ဟုဆိုကာ မကျေနပ်နိုင်။ ကိစ္စတစ်ခုခုမှာ မလှရီက အရှုံးမပေးမချင်း ကိုအေးမောင်က ထပ်တလဲလဲ ပြောဆိုတတ်သည်။ အရှုံးမပေးက ရိုက်မောင်း ပုတ်မောင်း လုပ်သည်။ တစ်ခါတစ်ခါ ဟိုဟာဖြင့်ဆွဲရိုက်၊ သည်ဟာဖြင့် လှမ်းပေါက် လုပ်တတ်သည်။

မူးပြီး ထိုင်နေရာမှမထနိုင်သော ကိုအေးမောင်က၊ သို့မဟုတ် မူးပြီးလဲနေသော ကိုအေးမောင်က အမျိုးမျိုးသောစကားတို့ဖြင့် စော်ကားနေစဉ်၊ တစ်စုံတစ်ခုဖြင့် ဆွဲပြီးရိုက်စဉ်၊ တစ်စုံတစ်ခုဖြင့် ကိုင်ပေါက်နေစဉ် မလှရီကသာ အကြမ်းဖက်မည်ဆိုလျှင် ကိုအေးမောင်သာ နာဖို့ရှိသည်။ ကိုအေးမောင်သာ သေဖို့ရှိသည်။ သို့သော် မလှရီကား ဘယ်တုန်းကမှ အကြမ်းမဖက်ပါ။ အကြမ်းဖက်ရန် စိတ်မျှပင် ကူးဟန်မတူပါ။

ရေဒီယိုသံနှင့် ရန်ဖြစ်သံတွေကြားပြီးနောက် အတန်ကြာလေသော် ဒုန်း ဒိုင်းနှင့် အသံများကို ကြားရပြန်လေသည်။ မလှရီကို တစ်စုံတစ်ရာဖြင့် လှမ်းပစ်လေပြီတည်း။
mgyoe.com

mgyoe.com

ကျွန်တော်တို့ အိမ်သူ အိမ်သားတွေအဖို့ ထိုသို့သော ရန်ဖြစ်သံများသည် ရိုးနေပါပြီ။ သူတို့အိမ်မှာ သူတို့ဘာသာ ဖြစ်နေကြသော သူတို့လင်မယား အိမ်တွင်းရေးမို့ ကျွန်တော်တို့က ဝင်မစွက်ပါ။ လျစ်လျူရှုလိုက်ပါ၏။ သူတို့အိမ်မှ ဆူညံသံကိုတော့ ခပ်လှမ်းလှမ်းမှ ဆူညံသံမို့ ပဲဆိုဆို အောင့်အည်း သည်းညည်း ခံရပါသည်။

သည်လိုနှင့် မြန်မာပိုင်း ရေဒီယိုသံ ပြီးသွားလေသည်။ အင်္ဂလိပ်ပိုင်း ရေဒီယိုခန်းကို ဆက်ဖွင့်နေလေသည်။ ထိုအချက်ကိုကား ကျွန်တော်ခွင့်မလွှတ်နိုင်။ သူတို့သည် အင်္ဂလိပ်ပိုင်း အသံလွှင့်ချက်များကို နားလည် ခံစားနိုင်ကြသူများ မဟုတ်။ အပိုသက်သက် ဖွင့်ခြင်းဖြစ်သည်။ ဆူဆူညံညံ ဖြစ်ရုံသာ လုပ်သလိုဖြစ်သည်။ လျှပ်စစ်ဓာတ်အား ဖြုန်းတီးခြင်းသာ ဖြစ်သည်။ ကျွန်တော်က သားအငယ်ဆုံး မောင်ခွန်သာမြင့်ကို လွှတ်ပြီး ရေဒီယိုကို အပိတ်ခိုင်းရသည်။ ကိုအေးမောင်သည် ကျွန်တော့် သားသမီးများကို ချစ်၏။ သူ မူးရူးနေသော်လည်း ကျွန်တော့် သားသမီးများကို မခံချိ မခံသာဖြစ်အောင် လုပ်လေ့မရှိ။ စော်ကား မော်ကား လုပ်လေ့မရှိ။ သူ့မှာ ကျွေးစရာရှိက ထုတ်ကျွေးတတ်သည်။

မောင်ခွန်သာမြင့်က သူတို့ထံသွားပြီး ရေဒီယိုကို ပိတ်ရန်ပြောရာ ပိတ်ပေးရုံမက ကိုအေးမောင်သည် သူမြို့ထဲက ဝယ်လာသော ခေါက်ဆွဲထုပ်များကို "ဟော့... ဗိုလ်ခွန်၊ ငါ့မွေးနေ့မှာ မင်းတို့စားဖို့" ဟု ဆိုကာ ပေးလိုက်လေသေးသည်။

ကလေးများ ခေါက်ဆွဲစားပြီးချိန်တွင် ကိုအေးမောင်တို့အိမ်ဘက်မှ ဘာသံမျှ မကြားရတော့။ တိတ်ဆိတ်နေလေပြီ။ ကလေးများသည် "ပီး (စ) (Peace) ပဲဟေ့" ဟုဆိုကာ အိပ်ရာဝင်ကြလေသည်။

အတန်ကြာတော့ ကိုအေးမောင်က နောက်ကလိုက်ပြီး မလှရီက ရှေ့က ပြေးနေသော ခြေသံများနှင့် မလှရီ၏ ငိုသံနှင့် ငယ်သံပါအောင် အော်သံများကို ကြားလိုက်ရလေသည်။ "အမယ်လေး ကယ်ကြပါဦး၊ အစ်ကိုကြီး၊ အစ်ကိုကြီး၊ ဟောဒီမှာ ကိုအေးမောင် ကျွန်မကို သတ်မယ်လို့ လုပ်နေတယ်"

ထိုသို့အသံပြုပြီးနောက် မလှရီသည် အိမ်ပေါ်မှဆင်းပြီး ခြံထဲ

mgyoe.com

mgyoe.com


ပတ်ပြေးသွားသည်ကို ကြားလိုက်ရ၏။ ကိုအေးမောင်ကား နောက်က လိုက်နိုင်တော့ဟန် မရှိပေ။

ကျွန်တော်တို့သည် သူတို့ရန်ဖြစ်သံကြောင့် လွန်လွန်မင်းမင်း စိုးရိမ်ခြင်း မဖြစ်ကြပါ။ ဂရုတစိုက် ဝင်ရောက်ဖျန်ဖြေခြင်း မပြုကြပါ။ ပစ်ထားလိုက်ပါ၏။ ယခုတော့ မလှရီက မတိုင်တမ်းစဖူး ကျွန်တော့်ကို အမည်တပ်၍ တိုင်တမ်းသည်။ သတ်စကား ဖြတ်စကားတွေကလည်း ပါသေးသည်။ ထို့ကြောင့် ကျွန်တော်သည် အနည်းငယ် စိုးရိမ်သွားကာ တံခါးပေါက်ကြီးဖွင့်၍ ဝရန်တာသို့ ထွက်ကြည့်ပါသည်။ ထိုတံခါးပေါက်ကြီးကို ဖွင့်လိုက်သည်ဆိုလျှင် မီးရောင်သည် သူတို့ အိမ်ဘက်ဆီအရောက် ထိုးထွက်သွား၏။ သူတို့အိမ်မှာ တံခါးတစ်ပေါက် ပွင့်ကာ အပြင်သို့ မီးရောင်ထိုးထွက်နေ၏။ ကျွန်တော်သည် ဘာသံမျှမပေးဘဲ ဟိုဟိုသည်သည် လှမ်းကြည့်၏။ ကိုအေးမောင်ကိုလည်း မမြင်ရ မလှရီကိုလည်း မတွေ့ရ။

အတန်ကြာသည့်တိုင်အောင် ဘာလှုပ်ရှားမှုကိုမှလည်း မမြင်ရ။ ဘာသံမျှလည်း မကြားရသောကြောင့် ကျွန်တော်သည် အိမ်ထဲဝင်ပြီး တံခါးကို ပြန်ပိတ်ထားလိုက်ပါသည်။

ကိုအေးမောင်သည် မူးလျှင် မလှရီကို အနိုင်ကျင့်ရမှ၊ အနိုင်ကျင့်တိုင်းမခံဘဲ ခုခံပြောဆိုလျှင် ကြောက်အောင် လန့်အောင် နှိပ်စက်ရမှ။ မလှရီက ကြောက်ကြောင်း လန့်ကြောင်း မပြလျှင် ထပ်မံနှိပ်စက်ရမှ ကျေနပ်သည်။ သို့မဟုတ်က မကျေနပ်ချေ။ ယခုမူ မလှရီက ကြောက်ကြောင်း လန့်ကြောင်း ပြလိုက်လေပြီ။ ကိုအေးမောင် ကျေနပ်သွားဟန် တူပေသည်။ တောသူဌေး မြေးပေါက်း၊ ရုံးစာရေးကြီး၊ အမူးသမား ကိုယ်တော်မြတ်သည် ဧကဂ္ဂတာစော၍ သဘောတော်ကျသွားပေပြီ။

အတန်ကြာသော် ကိုအေးမောင်၏ ညောင်ညိုညောင်ညိုနှင့် အသံကို ကြားရပြန်၏။ သို့သော် ထိုအသံကား သာခွေယိုင်အသံဖြစ်၏။ အိပ်ရာထဲမှနေပြီး မသဲကွဲလှသောစကားများကို ရွတ်ဆိုနေသော အသံဖြစ်၏။ အရှုံးပေးသွားပြီးဖြစ်သော မယားကို ဘာကြောင့် စောစောကတည်းက အရှုံးမပေးရသလဲဟု ထုချေလွှာတောင်းနေသော စကားများ

mgyoe.com

mgyoe.com


ဖြစ်၏။ မယားအပေါ် အနိုင်ရလေပြီဖြစ်သဖြင့် 'သူခိုးပြေးမှ ထိုးကွင်းထ' ကာ ကြွားဝါနေသော စကားများလည်း ဖြစ်၏။

အတော်ကလေးကြာတော့ ရန်ပွဲ၏ အားလုံးသော အသံများ တိတ်သွားလေသည်။ ကိုအေးမောင် အိပ်ပျော်သွားဟန် တူပါသည်။ မလှရီသည် ခြံထဲမှာ ပုန်းနေရာက ဘယ်အချိန် အိမ်ပေါ်ပြန်တက်သွားသလဲ ကျွန်တော် မသိလိုက်ချေ။ ကိုအေးမောင် အိပ်ပျော်သွားပြီဟု စိတ်ချရလေသောအခါမှ ခြေဖျားထောက်ကာ တက်သွားပေလိမ့်မည်။ တံခါးကို အသာအယာ ပိတ်ပေလိမ့်မည်။ အမူးသမား လင်တော်မောင်ကို ခြင်မကိုက်အောင် ခြင်ထောင်ချပေးပေလိမ့်မည်။ အသက်ပြင်းပြင်းမျှ မရှူဘဲ မီးခလုတ်ပိတ်ကာ ကိုအေးမောင်ဘေးမှ ဝင်အိပ်ပေလိမ့်မည်။ အမူးသမား အိပ်ပျော်သွားပြီဆိုလျှင် ချက်ချင်း အိပ်မောကျပြီး တော်ရုံတန်ရုံနှင့် မနိုးမှန်း မလှရီ သိပါ၏။ သို့သော် မိုးမပြီုဘူး ပြိုခဲ့သော်...။

နောက်တစ်နေ့ နံနက်တွင် ထုံးစံအတိုင်း မလှရီက အိမ့်ပြင်မှ ခေါ်ပါသည်။ "အစ်ကိုကြီး တံခါးဖွင့်ပေးပါ"။ ကျွန်တော်သည် ပထမဦးဆုံး မီးခလုတ်တွေကို ဖွင့်လိုက်ရသည်။ ပြီးနောက် တံခါးကို ဖွင့်ပေးရသည်။

မီးဖိုချောင်ထဲသို့ မလှရီ ဝင်လာသောအခါ သူ့မျက်နှာမှာလည်းကောင်း၊ သူ့လက်များမှာလည်းကောင်း မနေ့ညနေက အနှိပ်စက်ခံထားရသော ဒဏ်ရာဒဏ်ချက်များကို တွေ့မြင်လိုက်ရပါသည်။ ကျွန်တော်များစွာ စိတ်မကောင်းဖြစ်မိပါ၏။ တစ်ဖက်တွင် ကိုအေးမောင်ကိုလည်း များစွာ မုန်းတီးသွားမိ၏။

"ဟိုကောင် မနေ့ညက သောင်းကျန်းလှချေကလား"

ကိုအေးမောင်ကို ကျွန်တော် ဟိုကောင်ဟု ခေါ်ခဲ့ပါသည်။

မျက်ခွံတွေမို့နေသော မလှရီက သုန်မှုန်နေသော မျက်နှာနှင့်...

"ဟုတ်တယ် ကိုကြီး၊ ကျွန်မကို သတ်မယ်ဆိုပြီး ဓားနဲ့ လိုက်တယ်"

"ကဲ ကြည့်စမ်း၊ လွန်လွန်းလာလိုက်တာ၊ ဓားနဲ့ လိုက်တဲ့အထိ ဖြစ်လာပြီ၊ အလကားကောင်၊ ခံနေလို့ ရောင့်တက်လာတာ၊ နင်က ခံချရင်

mgyoe.com

mgyoe.com


ဒီကောင် ဒီလောက် ရမ်းကားရဲမှာ မဟုတ်ဘူး"

မလှရီသည် အတန်ကြာ ဘာမျှမပြောဘဲ မီးဖိုမီးမွှေးနေလေသည်။ နောက်ခဏကြာတော့ ဆန်အိုးထဲ၌ ဆန်ထည့်ရင်း...

"ကိုကြီး... သူ့ကို ကြည့်ပြောပါဦး၊ သောက်တာက တရားလွန်ပဲ"

"ဒီကောင့်ကို ငါ မပြောချင်တော့ဘူး၊ ခွေးမြီးကောက် ကျည်တောက်စွပ်"

မလှရီသည် ဆန်ဆေးနေရစ်သည်။ ကျွန်တော်က အိမ်ပေါ်ပြန်တက်ခဲ့လေသည်။

တကယ်ပဲ ကျွန်တော်သည် ကိုအေးမောင်ကို စကားမပြောချင်တော့။ သည်တိုင်းပစ်ထားလိုက်တော့မည်ဟု စိတ်ကူးမိသည်။

သို့သော် မဖြစ်ပါချေ။

ထိုနေ့ နံနက်တွင် အညှဉ်းပန်း အနှိပ်စက်ခံရသော၊ အရိုက်အနှက် ခံရသော မလှရီက ထူထူထောင်ထောင်နှင့် အိမ်မှုရေးရာတာဝန်များကို လုပ်နိုင်သည်။ နှိပ်စက်သူ၊ ရိုက်နှက်သူ ကိုအေးမောင်ကား အိပ်ရာမှ မထနိုင်တော့ချေ။ နေမကောင်းဟု ဆိုပါသည်။ ကျွန်တော်သွားမကြည့်။ သင့်ထိုက်နှင့် သင့်ကံ ခံပါစေတော့။ ကိုအေးမောင်သည် ရုံးလည်း မတက်နိုင်။ အစာမစားနိုင်။ အားပြတ်နေသည်ဟု ဆိုပါသည်။ ကျွန်တော် ဂရုမစိုက်။ သေချင် သေပါစေ။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ သည်လိုသာပင်။

မလှရီ၏ စိုးရိမ်ကြောင့်ကြမှုကား ဒီဂရီတက်နေလေသည်။ မလှရီ၏ ကြောင့်ကြမှုသည် ကျွန်တော့်ထံသို့ ကူးစက်စပြုလေပြီ။

"အစ်ကိုကြီး ကြည့်လုပ်ပါဦး၊ ကိုအေးမောင်ကလည်း ကိုကြီးကို ပြောပေးပါတဲ့၊ အဖျားလည်းရှိသလား မဆိုနိုင်ဘူး"

ထို့ကြောင့် မနေသာတော့သဖြင့် ကိုအေးမောင်ကို သွားကြည့်ရလေတော့၏။

သူ အရက်ဖျား၊ အရက်နာကျနေပြီ။ သူသည် မျက်နှာသေကလေးနှင့် ကျွန်တော့်ကို ကြည့်နေ၏။ သူ့မျက်စိထဲမှာ မျက်ရည်ဝဲ့လျက်၊ အရက် သုံးရက်ပြတ်နေသဖြင့် သတိကတော့ လုံးဝ ကောင်း

mgyoe.com

mgyoe.com

သည်။ သို့သော် အရက်နာသည် အရက်လုံးဝပြတ်နေစဉ် လက်ဦးကာလများ၌ ပို၍အစွမ်းပြတတ်သည်။ ထို့ကြောင့် ကိုအေးမောင်သည် အရက်နာရောဂါကို ပြင်းပြစွာ ဝေဒနာခံနေရလေ၏။

"ကိုအေးမောင် အရက်ကို လုံးဝဖြတ်မှာလား၊ ဖြတ်မယ်လို့ ကတိပေးရင် ကုပေးမယ်"

"ဟုတ်ကဲ့၊ ကျွန်တော် ဖြတ်ပါ့မယ် ကိုကြီး"

"ခု ဘယ်လိုနေသလဲ"

"သိပ်အားနည်းတာပဲ"

"ဘာမှမစားဘူးလား"

"ဘာမှမစားချင်ဘူး၊ ရင်ခံနေတယ်"

"ကော်ဖီလေး ဘာလေး ဟင်းချိုကလေး မသောက်ဘူးလား"

"ဘာမှသောက်လို့မရဘူး၊ ဆော်ဒါပဲ သောက်လို့ရတယ်"

အနီးတွင် ဆော်ဒါပုလင်းတွေကို တွေ့ရပါ၏။ သာမန် အာဂန္တုလေပူကြောင့် ရင်ခံလျှင် ဆော်ဒါရည်ဖြင့် သက်သာရာ ရစေနိုင်ပါသည်။ ချင်းပြုတ်ရည်နှင့် ဆော်ဒါရည် ရောသောက်လျှင် ပိုလို့ပင် ကောင်းသေး၏။ သို့သော် ကိုအေးမောင် ရင်ခံခြင်းမှာ အာဂန္တုလေပူမဟုတ်။ အရက်ကြောင့်ဖြစ်သော လေပူ။ ဆော်ဒါရည်သည် 'ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက်လေး' ဆိုသလိုသာ ဖြစ်တော့သည်။

ထိုအချိန်တွင် ကျွန်တော်သည် သိမ်ဖြူဆရာတော် အရှင်နာဂသေန၏ ဆေးများနှင့် အတော်ရင်းနှီးနေလေပြီ။ အိမ်မှာ တစ်စုံတစ်ယောက် ရင်ခံပြီး မစားချင် မသောက်ချင်ဖြစ်နေလျှင် သို့မဟုတ် ဗိုက်ထဲမှာ လေတွေပွပြီး အောက်လည်းမသက်ဘဲ ကွိကွနှင့် အော်မြည်နေလျှင် အဓောဝါတ (၂) ကို တိုက်ချလေ့ရှိသည်။ ထို့ကြောင့် အိမ်မှာ အဆင်သင့်ရှိနေသော အဓောဝါတ (၂) ကို ကိုအေးမောင်အား ကျွေးလိုက်သည်။ အတန်ကြာတော့ ရင်ချောင်သွားပြီး လူမမာက အစာတောင်းလာလေသည်။ လက်ဖက်စားမည်လားဟု မေးလိုက်ရာ စားမည်ဆိုသောကြောင့် ဆီဖြင့်အိနေသော လက်ဖက်ကို ကြက်သွန်ဖြူကြော်နှင့် အကျွေးခိုင်းလိုက်၏။ လက်ဖက်သည် အအေးစာဖြစ်သဖြင့် လေပူကို

mgyoe.com

mgyoe.com


ငြိမ်စေသည်ဟု ကျွန်တော် ယူဆသည်။ ပြီးတော့ ရှေးလူကြီးများ အဆို အရ လက်ဖက်ကို မလွန်အောင် စားပေးလျှင် ခံတွင်းလည်း ကောင်း သည်။ လျှာက အာရုံကြောများကို နှိုးဆွပေးသည်ဟု သိရသည်။ သို့ဖြင့် လူမမာ အစာအနည်းငယ် ဝင်လာသည်။

ကျွန်တော်သည် နှလုံးရောဂါမရှိသော်လည်း သိမ်ဖြူဆရာတော် ၏ နှလုံးဆေးကို ဆောင်ထားသည်။ အားကစား လေ့ကျင့်အပြီးတွင် လည်းကောင်း၊ လမ်းလျှောက်အပြီးတွင်လည်းကောင်း နှလုံးဆေးကို အနည်းငယ် ငုံထားလေ့ရှိသည်။ ယခုမူ အားနည်းနေသော လူမမာ ကိုအေးမောင် နှလုံးအားကောင်းလာစေရန် နှလုံးဆေး အနည်းငယ်တိုက် လိုက်၏။

သို့ဖြင့် လူမမာ ထူထူထောင်ထောင် ဖြစ်လာပါသည်။ သို့သော် အရက်နာရောဂါ ပျောက်သွားပြီမဟုတ်ကြောင်း ကျွန်တော် ကောင်းစွာ သိပါသည်။ အရက်ကို အလွန်အကြူးသောက်သူသည် တစ်နေ့သ၌ အသည်းရောဂါ ဖြစ်ရမည်ဟု ကျွန်တော် နားလည်ထားသည်။ ကိုအေး မောင်လည်း သောက်မည့်သာ ဖွတ်နှစ်ကာ သောက်နေသည်။ ထိုအတိုင်း ပင် ကြားဖူးနား၀ ရှိပါ၏။

"ကဲ ကိုအေးမောင်၊ အရက်ဖြတ်မယ်ဆိုရင် ဆေးကုပေးမယ်၊ ဘယ်လိုလဲ ပြော" ဟု ကျွန်တော်က မလုရီ ခင်းပေးသော ကုလားထိုင် တွင် မထိုင်သေးဘဲ ပြောလိုက်လေသည်။

ပက်လက်ကုလားထိုင်ပေါ်တွင် ခွေခွေကလေး ထိုင်နေသော ကိုအေးမောင်က...။

"ကျွန်တော် ဖြတ်ပါ့မယ်။ ကိုကြီး ကြိုက်သလို ကုပေးပါ"

"ဒီတစ်ခါတော့ ဆရာဝန် ခေါ်မပေးတော့ဘူး၊ တဖြည်းဖြည်း လျှော့သောက်သွားရင်း ဖြတ်တဲ့နည်းကိုလည်း မသုံးတော့ဘူး၊ ယတိ ပြတ် ဖြတ်ရမယ်၊ သိမ်ဖြူဆရာတော်ဆီကို ခေါ်သွားမယ်၊ သေသေ ချာချာ စစ်ဆေးပြီးမှ ဆေးပေးလိမ့်မယ်"

"ဟုတ်ကဲ့၊ အဲဒီလိုကောင်းပါတယ်"

ထိုနောက် ဆရာတော့်ထံသို့သွားရန် အချိန်ချိန်းခဲ့ပြီးနောက်

mgyoe.com

mgyoe.com

ကျွန်တော်သည် လူမမာထံမှ ထွက်ခွာခဲ့လေသည်။

ဤနေရာတွင် ကျွန်တော်သည် ဘာကြောင့် အင်္ဂလိပ်ဆေးဟု ခေါ်သော ခေတ်ပေါ် အနောက်တိုင်းသိပ္ပံဆေးကို စွန့်လွှတ်ပြီး တိုင်းရင်းဆေးဟုခေါ်သော ရှေးခေတ် အာယုဗ္ဗေဒ ဆေးသိပ္ပံကို အခြေခံသော ဗိန္ဒောဆေးသို့ ကူးပြောင်းခဲ့ကြောင်း ပြောကြားလိုပါသည်။

၁၉၆၈ ခုနှစ်မတိုင်မီက ကျွန်တော်သည် အင်္ဂလိပ်ဆေးကိုသာ မှီဝဲခဲ့၏။ ဆရာဝန်ကိုသာ အားထားခဲ့၏။ ဗိန္ဒောဆရာကို မဆည်းကပ်ခဲ့ပါ။

အင်္ဂလိပ်ဆေးဝါးများ၏ ချွတ်ယွင်းချက်ကြီးတစ်ခုကို သဘောပေါက်နေသည်ကတော့ ကြာပါပြီ။ ၁၉၆၈ ခုနှစ်မတိုင်မီ နှစ်များစွာကတည်းကပါ။ ထိုချွတ်ယွင်းချက်ကား အခြား မဟုတ်ပါ။ အင်္ဂလိပ်ဆေးတော်တော်များများသည် အစွမ်းထက်ပါ၏။ သို့သော် ဆွယ်ပွားအန္တရာယ်က ပါလာတတ်သည်။ (Side effects ဟု ခေါ်ကြပါသည်) အချို့ဆေးက ဖြစ်ဆဲရောဂါကို ပျောက်ကင်းစေပြီးနောက် အသည်းနှလုံးကို ထိခိုက်စေသည်။ တချို့ကမူ လူမမာ ရောဂါပျောက်ပြီးနောက် အိပ်ပျက်ရောဂါ စွဲကျန်ရစ်စေသည်။ ဆရာဝန်က ဂရုတစိုက် ကြပ်မတ်ပြီး ပေးကျွေးမှု မလုပ်လျှင် ဆေးလွန်သောကိစ္စ မကြာခဏ ဖြစ်တတ်သည်။

ဤချွတ်ယွင်းချက်ကြီးကို ကျွန်တော် ကောင်းစွာ သဘောပေါက်နေပြီဖြစ်သော်လည်း အင်္ဂလိပ်ဆေးကို ကျွန်တော် မစွန့်ခဲ့နိုင်ပါ။ များစွာသော အင်္ဂလိပ်ဆေး (အထူးသဖြင့် အိမ်သုံးဆေး) တွေကို ကျွန်တော် သိနေသည်။ တော်ရုံတန်ရုံရောဂါကို ကျွန်တော်ကပင်လျှင် ထိုဆေးများဖြင့် ကုပေးတတ်သည်။ ကျွန်တော် ထိုသို့ အင်္ဂလိပ်ဆေးနှင့် အကျွမ်းတဝင်ဖြစ်သဖြင့် ဆေးမလွန်အောင် ထိန်းနိုင်ခဲ့သည်။

ထို့ပြင် အင်္ဂလိပ်ဆေးကို မစွန့်လွှတ်နိုင်သေးသော အခြားအကြောင်းတစ်ခုရှိသေး၏။ ကိုယ်အထင်ကြီးရမည့် မြန်မာဗိန္ဒောဆရာကို မဆုံမကြုံ မတွေ့ရသေးခြင်း ဖြစ်ပါ၏။

သိမ်ဖြူဆရာတော် အရှင်နာဂါသေနအကြောင်းကို ကြားဖူးနေ

mgyoe.com

mgyoe.com


သည်မှာ အတော်ကြာပြီ။ ဒဂုံဦးလှဖေ၏ကျေးဇူးကြောင့် ဆရာတော် ရေးသော၊ သို့မဟုတ် ဘာသာပြန်သော အာယုဗ္ဗေဒ ဆေးကျမ်းများ အကြောင်းကို သိရသည်။ ဆရာတော်၏ အရေးအသားအချို့ကိုလည်း ကိုယ်တိုင်မြည်းစမ်းခွင့် ရခဲ့ပါသည်။ သိမ်ဖြူဆရာတော် အရှင်နာဂါ သေနအား စာရေးဆရာ၊ ကျမ်းပြုဆရာ၊ ဘာသာပြန်ဆရာအနေနှင့် များစွာ လေးစားလာပါ၏။ ဒဂုံဦးလှဖေနှင့်အတူသွား၍ ဖူး‌ဖူးပါ၏။ သို့သော် ဆေးကုသခံရန်ကား စိတ်ကူးမျှပင် မပေါ်ခဲ့သေးပါ။

၁၉၆၈ ခုနှစ် ရခိုင်လေဘေးကြီး ကျရောက်ချိန်တွင် ကျွန်တော် သည် ညာဘက်လက်မောင်းကိုက်သော ရောဂါရနေပါသည်။

ကျွန်တော့် ဆရာဝန် ဒေါက်တာလာမက်ကို ပြသည်။ ဆရာက ကြည့်ရှုပြီး ဆေးပေးပါ၏။ သို့သော် ရောဂါဇာစ်မြစ်ကို သေချာစွာ မသိနိုင်ဟုဆိုပြီး ပြည်သူ့ဆေးရုံကြီးက ရူပဗေဒဆေးကုဌာနသို့ သွားပြီး ပါရဂူများနှင့် စစ်ဆေးကုသရန် ညွှန်ကြားလိုက်ပါသည်။ ထိုဌာနက ပါရဂူများသည် ကျွန်တော့်ကို သေချာကျနစွာ စစ်ဆေးပြီးနောက် အခြေခံအားဖြင့် ဘာရောဂါမျှမတွေ့ရဟု ဆုံးဖြတ်ကြပါသည်။ ကိုက်ခဲ ခြင်းအတွက် သက်သာစေသော အဖြူရောင်ဆေးပြားများကို ပေးလိုက် ပါသည်။ ထို့နောက် ကျွန်တော့်ဝေဒနာ မသက်သာသဖြင့် ဦးနှောက်နှင့် အာရုံကြောဌာနသို့ သွားရပြန်သည်။ ထိုဌာနမှ မိတ်ဆွေရင်းချာ ဆရာဝန် များက ကျကျနန စစ်ဆေးကြပြန်ပါသည်။ အခြေခံအားဖြင့် ဘာရောဂါ မျှမရှိဟု ဆုံးဖြတ်ကြပါသည်။ ပြီးတော့ ကိုက်ခဲမှု သက်သာစေသော ပန်းရောင်ဆေးပြားကလေးများကို ပေးလိုက်ပါသည်။ စစ်တွေ ကျောက်ဖြူတို့၌ ရခိုင်လေဘေးဒဏ်ရာ ဒဏ်ချက်များကို လှော်ကြည့် စဉ်က ထိုပန်းရောင်ဆေးပြားများဖြင့် အကိုက်အခဲ သက်သာစေရင်း လှုပ်ရှားသွားလာနေခဲ့ရပါသည်။

သူတို့ကတော့ ဘာရောဂါမှ ထွေထွေထူးထူး မတွေ့ဘူးဆိုသော် လည်း ခံသူကတော့ ခံနေရပါသည်။ အကိုက်အခဲ မပျောက်ပါ။ စူးစူးရှရှ မကိုက်မခဲလျှင် ယဉ်ယဉ်ကလေးနှင့် နာနေသည်။ သို့မဟုတ် တစိမ့်စိမ့် အောင့်နေသည်။

mgyoe.com

mgyoe.com


တစ်နေ့သော် ထိုစဉ်က ကြက်ခြေနီ ဥက္ကဋ္ဌဖြစ်သော ဒေါက်တာမောင်မောင် (ယနေ့ နိုင်ငံတော်ကောင်စီဝင်) နှင့် ထိုစဉ်က ကျန်းမာရေးဌာန အတွင်းဝန် ဒုဗိုလ်မှူးကြီး လှမိုး (ယနေ့ပါတီဗဟိုကော်မတီရေးရာအတွင်းရေးမှူး ဦးလှမိုး) တို့က ကြက်ခြေနီလုပ်ငန်းများ ကျေးရွာပျံ့နှံ့ရေး၊ ကြက်ခြေနီလုပ်ငန်းများနှင့် ဗိန္ဒောဆေးလောက ဆက်စပ်ပေးရေး ကိစ္စများကို သိမ်ဖြူဆရာတော်နှင့်ဆွေးနွေးရန် လိုက်ခဲ့ဖို့ ခေါ်လေသည်။ ကျွန်တော် ဝမ်းသာစွာ လိုက်သွားခဲ့ပါ၏။

ဆွေးနွေးပွဲပြီးသည့်နောက် ဆရာတော်က ကျွန်တော့် ရုပ်ကိုကြည့်ရသည်မှာ ကျန်းမာရေးကောင်းပုံရကြောင်း ပြောသည်။ ထိုအခါ ကျွန်တော်က 'လူမသိ အံ့ပုန်း' ခံစားနေရသော လက်ကိုက်ရောဂါအကြောင်းကို လျှောက်ထားလေသည်။ သို့သော် လူမမာက ရောဂါကို ကုသပေးရန် သမားအားအပ်သည့် သဘောမပါ။ ဆရာတော်ကလည်း ရောဂါကိုပြပါ၊ ကုသပေးပါမည်ဟု စပြီး မမိန့်မဆို။ ထိုကြားတွင် ဗိုလ်မှူးလှမိုးကဝင်၍ "ဦးသိန်းဖေမြင့်၊ ဆရာတော့်ကို ပြပါ၊ လက်ကိုပြလိုက်ပါ" ဟု ပြောပါလေသည်။

ကျွန်တော်သည် ဆရာတော်အား လက်ကိုတိုးပြ၍ ရောဂါကို အပ်လိုက်ပါလေသည်။ ဆရာတော်သည် လက်ကောက်ဝတ်တွင် သွေးစမ်းပြီးနောက်...။

"ရပါတယ်၊ ကုလို့ရပါတယ်။ ဒီတိုင်းထားရင်တော့ လေဖြတ်နိုင်တယ်။ ခုဖြစ်တာက ကိုက်ခဲတာ ညာဘက်ဖြစ်ပေမဲ့ ဘယ်ဘက်လက်က ပိုဆိုးတယ်။ လေဖြတ်ရင် ဘယ်ဘက်လက်က ဖြစ်မှာပဲ"

"တပည့်တော်ရဲ့ ဆရာဝန် ဒေါက်တာလာမက်ကလည်း Stroke ရနိုင်တယ်၊ လေဖြတ်နိုင်တယ်နဲ့ သတိပေးနေတာပါပဲ ဘုရား"

"ကိစ္စမရှိပါဘူး၊ ကြိုပြီး ကာကွယ်နိုင်ပါတယ်"

ဆရာတော်က တနင်္ဂနွေနှစ်ပတ်စာ ဆေးများ ပေးပါသည်။ ကျွန်တော့်အတွက် တည့်သောအစာနှင့် မတည့်သောအစာများ စာရင်းဇယားပုံနှိပ်ထားသော စာရွက်တစ်ရွက်ကိုလည်း ပေးပါသည်။ ကျွန်တော်သည် ကျွန်တော့်ဆရာဝန် ဒေါက်တာလာမက်အား အင်္ဂလိပ်ဆေးကို

mgyoe.com

mgyoe.com


လက်လွှတ်တော့မည်ဖြစ်ကြောင်း၊ မြန်မာအာယုဗ္ဗေဒဆေးဖြင့် ကုသတော့မည်ဖြစ်ကြောင်း ပြောပြပါသည်။ ဒေါက်တာလာမက်က "အေး... မင်းစမ်းချင် စမ်းဦးပေါ့၊ သို့ပေမဲ့ ငါ့ဆီ မကြာခဏ လာပြီး စစ်ဆေးကြည့်ရမယ်" ဟု ပြောလိုက်ပါ၏။

တစ်လလောက်ကြာသောအခါ ကျွန်တော့်ရောဂါ လုံးဝပျောက်ကင်းသွားပေပြီ။ ကိုက်ခဲခြင်း၊ နာခြင်း၊ အောင့်ခြင်းများ မရှိတော့ပြီ။

ဆရာတော်၏ ဆေးတစ်လက်မှာ အစာကြေဆေးဖြစ်၍ အခြားတစ်လက်မှာ ဝါယုဗလဟု ထိုစဉ်က ခေါ်သော ဝါတဗျာဓိဆေး ဖြစ်သည်။ ကိုယ်တွေ့ အကျိုးခံစားရသည်က တစ်ကြောင်း၊ ဆရာတော်နှင့် မြန်မာ့အာယုဗ္ဗေဒ ဆေးအကြောင်းကို ဆွေးနွေးရသည်က တစ်ကြောင်း ကျွန်တော်သည် ဗိန္ဒောဆေးကို များစွာ စိတ်ဝင်စားသွားပါသည်။ ထို့ကြောင့် ဆရာတော်ပို့ချသော အခြေခံကျန်းမာရေး သင်တန်းကို တက်ခဲ့ပါသည်။ မြန်မာ့အာယုဗ္ဗေဒဆိုင်ရာ ဆေးကျမ်းအချို့ကိုလည်း ဖတ်ကြည့်ပါသည်။

"အစာလည်း ဆေး၊ ဆေးလည်း အစာ" ဆိုသည်မှာ မြန်မာအာယုဗ္ဗေဒ၏ ဆောင်ပုဒ်ဖြစ်သည်။ မြန်မာဆေး၌ ဤအချက်ကို ကျွန်တော် သဘောကျဆုံးဖြစ်သည်။ ငယ်ငယ်တုန်းကတော့ ဤအချက်ကို သဘောမကျခဲ့၊ အင်္ဂလိပ်ဆေးက အချို့ဆေး အချို့ပုဂ္ဂိုလ်အတွက်မှလွဲ၍ (ဥပမာအားဖြင့် ကန့် (Sulphur) ပါသော ဆေးမှီဝဲလျှင် အချို့ပုဂ္ဂိုလ်များ ကြက်သွန်၊ ကြက်ဥ စသည်တို့ကို မစားရဟူသော ပညတ်ချက်မှလွဲ၍) စားချင်သော အစာကို စားခွင့်ပြုခဲ့လေရာ ကျွန်တော်တို့ လူငယ်ကြိုက်ပင် ဖြစ်ခဲ့လေသည်။

လူသည် (သတ္တဝါဟူသမျှသည်) ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့တွင် တည်မှီ၍ ဖြစ်နေကြရာ ဥတုနှင့် အာဟာရတို့သည် အဆုံးအဖြတ်ခန်းမှ ပါကြသည်။ မြန်မာ့အာယုဗ္ဗေဒဆေး၊ သို့မဟုတ် ဗိန္ဒောဆေးက ထိုအချက်ကို အလေးအနက်ပြုသည်။ ပတ်ဝန်းကျင် ဥတုအပြောင်းအလဲကို လည်းကောင်း၊ သွေး၏ဥတု ဝါ သွေးပူအုပ်စု (တိက္ခ)၊ သွေးအေးအုပ်စု (မန္ဒ) တို့ကို လည်းကောင်း ထည့်သွင်းစဉ်းစားကာ ဆေးပေး

mgyoe.com

mgyoe.com


သည်။ ဥပမာဆိုလျှင် ကျွန်တော့်သွေးက သွေးအေးအုပ်စုထဲကဖြစ်ရာ ကျွန်တော့်ကို ပေးသောဆေးသည် လက်ကိုက်ခဲသော ရောဂါအတွက်ပင် ဖြစ်စေကာမူ သွေးပူအုပ်စုဝင် လူမမာကိုပေးသည့် ဆေးနှင့်မတူ။ ပြီးတော့ ဆေးကို မည်သည့်အချိန်တွင် သောက်ရန်၊ ဆေးကို ရေအေးနှင့် သောက် ရန်၊ ရေနွေးနှင့် သောက်ရန်ဟုပင် ခွဲခြားပေးသေးသည်။

အအေးစာ ရှောင်ပါ၊ အပူစာ ရှောင်ပါ စသည့် တားမြစ်ချက်များ မှာလည်း ပတ်ဝန်းကျင်၏ ဥတု လူမမာ၏ သွေး၏ ဥတုတို့ကို လိုက်၍ ပြဋ္ဌာန်းသော တားမြစ်ချက်များ ဖြစ်သည်။

ဗိန္ဒောဆေးများကို များသောအားဖြင့် သစ်ဥ သစ်ဖု သစ်မြစ် သစ်သီး စသည်များဖြင့် ဖော်စပ်ထားရာ ယင်းတို့သည် တိုက်ရိုက် အာဟာရများပင် ဖြစ်သည်။ ထို့ကြောင့် ဆေးအဖြစ်ဖြင့် စားသော အာဟာရနှင့် အစာအဖြစ်ဖြင့် စားသော အာဟာရ လိုက်ဖက်ရပေလိမ့် မည်။ ဆေးက ရောဂါကို ကုသသလို အာဟာရကလည်း ရောဂါကို ကုသည်ဟု ဗိန္ဒောဆေးပညာက မမှိတ်မသုန် ယုံကြည်သည်။ ထို့ကြောင့် ပေးကျွေးသော ဆေးနှင့်တွဲလျက် ဘာကို စားပါ၊ ဘာကို ရှောင်ပါဟု ပြဋ္ဌာန်းခြင်း ဖြစ်သည်။

ပါစကဝမ်းမီးသည် အရေးကြီးလှ၏။ ပါစကဝမ်းမီးက ကောင်း စွာ အလုပ်လုပ်မှ ဝင်သမျှ အစာအာဟာရတို့ ကြေညက်မည်။ ကြေညက် မှ ခန္ဓာကိုယ်ကို စောင့်သော ဓာတ်များ၊ ခန္ဓာကိုယ်ကို တည်ဆောက်သော ဓာတ်များ၊ ခန္ဓာကိုယ်တွင်း၌ မထားမသိသင့်သော အညစ်အကြေးများကို တွန်းထုတ်နိုင်သော ဓာတ်များ၊ လူ့မျိုးဆက်ကို ပြန့်ပွားစေသော ဓာတ် များ၊ လူ့လောက၏ ကြွယ်ဝမှုဟူသမျှကို ဖန်တီးသော လုပ်အားကို ဖြစ်ပေါ်စေသော ဓာတ်များစသည်ဖြင့် ဖြစ်ပေါ်ရပေသည်။

ပါစကဝမ်းမီးပျက်ခြင်း၊ သို့မဟုတ် ပါစက ဝမ်းမီးလျော့ခြင်း သည် ရောဂါဖြစ်ကြောင်း ဖြစ်သည်။ ထို့ကြောင့် ဗိန္ဒောဆေးသည် ရောဂါ တစ်ခုခုကိုကုလျှင် ပါစကဝမ်းမီးကို တစ်နည်းနည်းနှင့် ကိုင်တွယ်ပြုပြင် လေ့ရှိသည်။ အစာကြေဆေး၊ ဝမ်းနုတ်ဆေး၊ သို့မဟုတ် အခြားဝမ်းမီး ကောင်းစေသောဆေး စသည်တို့ကို ပေးကျွေးသည်။

mgyoe.com

mgyoe.com


တစ်ဖန် ခန္ဓာကိုယ်တွင်း၌ သယ်ယူပို့ဆောင်ရေး အင်အားကောင်းဖို့ လိုသည်။ တွန်းအား ဆွဲအား ကန်အား ရှန်းအား လှဲအား ထောက်အား စုပ်အား ညှစ်အား စသည်တို့ကောင်းဖို့ လိုသည်။ ယင်းအားတို့ကိုပေးသည့်အရာမှာ ဝါယောဆိုသော 'လေ' ဖြစ်သည်။ ဝါယောဟူသောစာတ်ကို 'လေ' ဟု ဘာသာပြန်ခြင်းသည် မပြည့်စုံပါ၊ ဝါယောဟူသောဗိန္ဒောစကားသည် အထက်ဖော်ပြပါ အားမျိုးစုံနှင့် သက်ဆိုင်သည်။ ဝါယော ချွတ်ယွင်းလျှင် ကိုယ်ခန္ဓာတွင်း သယ်ယူပို့ဆောင်ရေးစနစ်ပျက်၏။ ကိုယ်ခန္ဓာအစိတ်အပိုင်းတို့၏ လုပ်ဆောင်ရေး တာဝန်အသီးသီး ပျက်ကွက်လေ၏။ အာယုဗ္ဗေဒဆေး (ဝါ) ဗိန္ဒောဆေးက ရောဂါရောက်ကြောင်း အကြောင်းမျိုးစုံရှာဖွေ စဉ်းစားသောအခါ 'ဝါယော' ကို အလေးပေး စဉ်းစား၏။ ဗိန္ဒောဆရာသည် 'ဝါယော' စကား အများကြီး ပြော၏။ များသောအားဖြင့် ခန္ဓာကိုယ်အတွင်းရှိ ဝါယောဓာတ်ကို ဆုပ်ကိုင် စမ်းသပ်၍မရ။ ကြည့်မြင်၍ မရ။ ဓာတ်ပုံရိုက်၍မရ။ စဉ်းစားကြံဆ၍သာ ရသည်။ ဤတွင် ဆုပ်ကိုင် စမ်းသပ်၍ရခြင်း၊ ပကတိမျက်စိဖြင့် ကြည့်မြင်၍ရခြင်း၊ ဓာတ်ပုံရိုက်၍ရခြင်း၊ (အိပ်စရေး ဓာတ်ပုံရိုက်၍ရခြင်း) စသည်တို့ကို အဓိကထားသော အင်္ဂလိပ်ဆေးနှင့် ဗိန္ဒောဆေးတို့ များစွာခြားနားလေသည်။ 'ဝါယော' ဟူသောအလွှာကို အင်္ဂလိပ်ဆေးက အလေးမပေးသောကြောင့် အချို့ရောဂါဇာစ်မြစ်များကို ရှာမတွေ့ဖြစ်ရသည်။ အထူးသဖြင့် သန္နိပါတ်ရောဂါများ၊ ထွေးရောယှက်တင်ထွေထွေပြားပြားဖြစ်နေသော နာတာရှည်ရောဂါများတွင် အစ ရှာမရဖြစ်နေတတ်ကြသည်။ ဗိန္ဒောဆေးကတော့ 'ဝါယော' ဟူသောအလွှာကို အလေးပေးစဉ်းစားသဖြင့် အချို့ရောဂါတို့၏ ဇာစ်မြစ်ကို 'ဒက်ခနဲ' 'ဒက်ခနဲ' ရှာ၍တွေ့လေသည်။ တစ်ခါတစ်ခါ အင်္ဂလိပ်ဆေးက ရောဂါရှာမတွေ့ဘဲ မျက်စိလည်နေသောကိစ္စများတွင် ဗိန္ဒောဆေးက လွယ်လွယ်ဖြင့် ရောဂါရှာတွေ့တတ်ရာ ယုံနိုင်စရာပင် မရှိချေ။ ဤသို့ဖြစ်ရခြင်းမှာ အင်္ဂလိပ်ဆေးက 'ဝါယော' ကို မျက်ခြည်ပြတ်လျက် ဗိန္ဒောဆေးက 'ဝါယော' ကို မျက်မှောက်ပြုခြင်းကြောင့် ဖြစ်သည်။

သိမ်ဖြူဆရာတော်သည် ကျွန်တော်၏လက်ကိုက်ခဲသော ရောဂါ

mgyoe.com

mgyoe.com

အတွက် အစာကြေဆေး ယခုအခါ 'သက်စောင့်ဆေး' နှင့် ဝါယုဗလ (ယခုအခေါ် ဝါတဗျာဒိ) ဆေးတို့ကို ပေးသည်။ ဤသည်တို့မှာ အကြောင်းကု ဖြစ်သည်။ ကိုက်ခဲခြင်းကို ဖြစ်စေသော အကြောင်းများကို ကုသခြင်း ဖြစ်၏။ ထို့ပြင် ကိုက်ခဲခြင်းတည်းဟူသော အကျိုးကိုကုသရန် လိမ်းဆေးပေးပါသည်။ ညာဘက်လက် နာကျင်မှု ပျောက်သွားပြီးနောက် ဘယ်ဘက်လက်က ပိုဆိုးသည်ဟု ဆရာတော် ကြိုတင်အမိန့်ရှိသလို ဘယ်ဘက်လက်မောင်းအိုးနှင့် ဘယ်ဘက်ပခုံး အကြောတက်ကိုက်ခဲ ဖြစ်သောအခါမှာလည်း ကျွန်တော့်ကို ဤဆေးများဖြင့် ကုသပေးခဲ့ပါ၏။

အင်္ဂလိပ်ဆေးသည် (ဝါခုခေတ် သိပ္ပံဆေးသည်) လူတို့၏ စိတ်အလိုကို လိုက်လွန်းအားကြီး၏။ စားချင်တာ စားပါစေဟု ခွင့်ပြုတတ်၏။ နာသည် ကိုက်သည်ဆိုလျှင် လူနာ ချက်ချင်း မနာမကိုက်ရန် ဆေးပေး၏။ ယင်းဆေးတို့မှာ အာရုံကြောတို့ကို ထုံထိုင်းစေခြင်း ဝေဒနာ ခံစားတတ်သော စိတ်သတ္တိကို တုံးစေခြင်း၊ သတိကို လျော့ပါးစေခြင်း စသည့်အကျိုးကု ဆေးများပင်ဖြစ်သည်။ အင်္ဂလိပ်ဆေးသည် လူ့အလိုကို လိုက်လွန်းသဖြင့် အကျိုးကုဆေးများကို ဦးစားပေးတတ်သည်။

ယင်းတို့၏ ရေရှည် အာနိသင်၊ သို့မဟုတ် မှီဝဲပါများသဖြင့် ရရှိသော စုပေါင်းအာနိသင်သည် မကောင်းပါ။ အသည်းနှလုံး စသော အရေးကြီးလှသည့် ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများကို ထိခိုက်စေပါသည်။

အာယုဗ္ဗေဒဆေး၊ သို့မဟုတ် ဗိန္ဓောဆေးသည် အဓိကအားဖြင့် သစ်ဥ သစ်ဖု၊ သစ်မြစ်၊ အသီးအပွင့်များဖြင့် ထောင်းထုဖော်စပ်ထားခြင်း ဖြစ်ရာ ဆေးအဖြစ်မှီဝဲရန် မလွယ်ကူ။ တစ်ကုတ်တစ်ကော်ကြီး စားရသည်။ သည်းမခံနိုင်စရာ ခါးသည့်အရသာ၊ ဖန်သည့်အရသာ၊ ပူစပ်သည့်အရသာ စသည်တို့ကလည်း ရှိသေးသည်။ အင်္ဂလိပ်ဆေးတို့ကတော့ အထူးသဖြင့် ယခုခေတ်ပေါ် ဆေးများကတော့ သောက်လို့လွယ်ကူသည်။ ခါး၍ ခါးမှန်း မသိလိုက်ရ။ လူတို့အလိုကို လိုက်သောအားဖြင့် စားသုံး၍ ကောင်းအောင် ခေတ်ပေါ် ဆေးဝါးထုတ်လုပ်သူ

mgyoe.com

mgyoe.com

တို့သည် အမျိုးမျိုးစီစဉ်ကြကုန်၏။

ထိုသို့ စီစဉ်ရာ၌ အခါးကို သကြား ငုံပေးထားတတ်၏။ ချော ကလက်ထဲ ဆေးကို ဥဒါပနာလုပ် ထည့်ထားတတ်၏။ အစွမ်းအာနိသင် ထက်လှသော ဓာတုပစ္စည်းများကို အများအပြား သုံး၏။ ဆေးဖက်ဝင် ရုက္ခ (အပင်) ပစ္စည်းများကို ဓာတုပစ္စည်းအဖြစ်သို့ ပြောင်းလဲကာသုံး၏။ ဆေးဖက်ဝင်သတ္တဝါ (အကောင်) ပစ္စည်းများကိုလည်း ဓာတုပစ္စည်းများ အဖြစ်သို့ ပြောင်းလဲ၍သုံး၏။ ဆေးဖက်ဝင် ရုက္ခ၊ သတ္တပစ္စည်းများမှ နည်းအမျိုးမျိုးဖြင့် အဆီအနှစ် ထုတ်ယူ၍သုံး၏။

ယင်းသို့ အရာရာကို ဓာတုပစ္စည်းအဖြစ်သို့ ပြုပြင်ပြောင်းလဲရာ တွင် ကောင်းကျိုးရှိသလို ဆိုးကျိုးများလည်း ရှိပေသည်။ ဘယဆေး ပစ္စည်းမှ ရယူလိုသည့် ကုသမှုသတ္တိကို ဓာတုပစ္စည်းအဖြစ်ဖြင့် ကိုယ် ခန္ဓာ၏ လိုအပ်သော နေရာသို့ရောက်အောင် ပို့ဆောင်ရာတွင် လျင်မြန် လှပေသည်။ ထို့ပြင် တန်ခိုးသတ္တိ ပိုထက်မြက်၍ ရောဂါ ပိုလျင်မြန်စွာ ပျောက်ကင်းနိုင်ပါသည်။

သို့သော် အခြားတစ်ဖက်တွင် ဆိုးကျိုးများကိုလည်း မမေ့သင့်ပါ။ အထူးသဖြင့် အရေးကြီးလှသော ဆိုးကျိုးများရှိပါသည်။ ဆေးဖက်ဝင် ရုက္ခ၊ သတ္တပစ္စည်းများကို နည်းအမျိုးမျိုးဖြင့် ဓာတုပစ္စည်းအဖြစ်သို့ ပြောင်းလဲရာ၌ အချို့ဓာတ်များ၊ တန်ခိုးသတ္တိများ ပျောက်ကွယ်ကြေပြုန်း သွားတတ်ပါသည်။ နည်းအမျိုးမျိုးဖြင့် ပြောင်းလဲပြုပြင်ရာ၌ လွင့်ပျံသွား သော အချို့အခြေခံဓာတ်ပစ္စည်းများ၊ အင်ဇိုင်းများ (Enzymes) ကို ယနေ့ထိ ဘယ်နည်းနှင့်မျှ ဖမ်းမရသေးပါ။ ထို့ကြောင့် 'ဆေးဖက်ဝင်' ဟု အစဉ်အလာအားဖြင့် လက်ခံထားကာ လက်တွေ့အသုံးချခဲ့၍ အကျိုး ရှိကြောင်း သိထားရသော ရုက္ခ၊ သတ္တပစ္စည်းများကို ဓာတုပစ္စည်းအဖြစ် ဖြင့် ပြုပြင်ပြောင်းလဲမှီဝဲခြင်းထက် သူ့ပင်ကိုသဘာဝအတိုင်း မှီဝဲခြင်း က ပိုကောင်းသည်ဟု ကျွန်တော် ထင်ပါသည်။

ပမာအားဖြင့် နှစ်ထောင်ပေါင်းများစွာကစ၍ ယနေ့တိုင် ဘုမ္မ ရာဇာ၏ ဆေးဖက်ဝင် အစွမ်းသတ္တိကို လူအများသိကြပြီးဖြစ်၏။ ဗိန္ဒော ဆေးက ဘုမ္မရာဇာကို သူ့ပင်ကိုသဘာဝအတိုင်း အသုံးပြုသည်။
mgyoe.com

mgyoe.com


အင်္ဂလိပ်ဆေးကမူ ယင်းမှ ရက်ဆာပင်း (Reserpine) ဓာတ်ကို ထုတ်ယူသုံးစွဲသည်။ ယင်းသို့ ထုတ်ယူရာ၌ ရက်ဆာပင်းနှင့် အတွဲအဖက်ဖြစ်သော အချို့ဓာတ်ပစ္စည်းများ (အင်ဇိုင်း စသည်များ) ပျောက်သွားကြသည်။

ထို့ပြင် ရုက္ခ သတ္တုပစ္စည်းတစ်ခုခုတွင် ဓာတ်ပစ္စည်းအမျိုးမျိုး ပါဝင်ရာ၊ ယင်းတို့၏ စုပေါင်းတန်ခိုးသတ္တိသည် အရည်အချင်းတစ်မျိုး ဖြစ်၍ ယင်းတို့ကို တစ်ခုစီ တစ်ခုစီ ခွဲပေးလိုက်သော တန်ခိုးသတ္တိများသည်မတူ၊ ခြားနားသော အရည်အချင်း အသီးသီးဖြစ်ကြသည်။ ပမာဆိုလျှင် ကချင်ပြည်နယ်မှ နာမည်ကျော်ကြားလှသော မချစ်ဥ၏ သူ့ပင်ကိုသဘာဝအတိုင်း ဓာတ်မခွဲဘဲထားသဖြင့် ရှိနေသော စုပေါင်းအရည်အချင်းသည် ယင်းတို့ ဓာတုပစ္စည်းအဖြစ်သို့ ပြောင်းလဲလိုက်သောကြောင့် ထွက်လာသော ဓာတ်သဘာဝအမျိုးမျိုးတို့၏ အရည်အချင်းများနှင့် လုံးဝမတူချေ။ အမှန်အားဖြင့် မချစ်ဥကို ဓာတ်ခွဲကြည့်သောအခါ မချစ်ဥ၏ ကျော်ကြားလှသော အစွမ်းသတ္တိကို လုံးဝရှာမတွေ့တော့ဟု သိရပေသည်။

နှစ်ထောင်ပေါင်းများစွာကပင် ဗိန္ဒောဆေးက လက်ထုပ်ကြီးကို ဝမ်းကိုက်ရောဂါအတွက် အသုံးပြုလာခဲ့၏။ လက်ထုပ်ကြီးသည် အစွမ်းသတ္တိကို လက်တွေ့ပြပြီးဖြစ်၏။ ယခုအခါ ယင်းကို ဓာတုပစ္စည်းအဖြစ်သို့ ပြောင်းလဲကာ အသုံးချစမ်းသပ်ကြသည်။ ဝမ်းကိုက်ရောဂါတော့ ပျောက်ကင်းပါ၏။ သို့သော် အိပ်ပျက်ရောဂါ စွဲကျန်ရစ်ခဲ့သည်။ အိပ်ပျက်ရောဂါကို ထပ်ကုရသောကြောင့် တစ်ဒုက္ခဖြစ်၏။ အိပ်ပျက်ရောဂါ ကုရင်း နှလုံးကိုထိခိုက်မှာ စိုးရိမ်နေရ၏။ ဘာကြောင့် ဤသို့ဖြစ်ရသနည်း။ လက်ထုပ်ကြီးကို ဓာတုပစ္စည်းအဖြစ်သို့ ပြောင်းလဲသောအခါ အချို့တွဲဖက် အခြေခံဓာတ်နှင့် ဝတ္ထုပစ္စည်းများ ပျောက်ကွယ်သွားသောကြောင့် ဖြစ်ပေသည်။

ကွယ်လွန်သူ သမားတော်ကြီး ဒေါက်တာဘသန်းက ကျွန်တော့်ကို ပြောဖူးသည်။ "ခေတ်ပေါ်ဆေးတွေက အစွမ်းထက်လှပါတယ်။ သို့သော်ငြားမဲ့ မလိုအပ်တဲ့ အာနိသင်အပိုတွေ (Side effects) ပါ ပါလာတတ်

mgyoe.com

mgyoe.com


တယ်။ ဆရာကိုယ်တိုင် ကိုယ်လက်ကိုက်ခဲလို့ ဒယ်လတာဖူဒါဗိုလဒင်း ကို သောက်တယ်။ အကိုက်အခဲ ချက်ချင်းပျောက်တယ်။ သို့ပေမဲ့ ဗိုက်နာ ဗိုက်အောင့် ဖြစ်ကျန်ရစ်တယ်"

ဗိန္ဒောဆေးများနှင့် အင်္ဂလိပ်ဆေးများကို နှိုင်းယှဉ်ကြည့်သော အခါ နွားချေးဟူသော သဘာဝမြေဩဇာနှင့် ဓာတုဗေဒ ဓာတ်မြေဩဇာ ခြားနားပုံကို ကျွန်တော် သတိရမိသည်။ နွားချေးတွင် သစ်ပင်က အလိုရှိ သော မြေဩဇာ အာဟာရအစုံပါသည်။ သုံး၍ လွယ်ကူသည်။ ဟိုဟာ ပိုသွားသည်၊ သည်ဟာ လိုသွားသည်ဟု မရှိလှ။ နွားချေးလိုသလောက် ရလျှင် နွားချေးကိုသာ ကျွန်တော် သုံးပေလိမ့်မည်။ ထို့ကြောင့် အဓိက အားဖြင့် ဆေးဖက်ဝင် ရုက္ခသတ္တပစ္စည်းများဖြင့် ဖော်စပ်ထားသော ဗိန္ဒော ဆေးကို အားကိုးအားထားပြု၍ မှီဝဲရန် ကျွန်တော် ဆုံးဖြတ်ခဲ့ခြင်း ဖြစ် လေသည်။

သိမ်ဖြူဆရာတော်နှင့် အချိန် ချိန်းပြီးနောက် လူမမာ ကိုအေး မောင်ကို ဆရာတော်ထံသို့ ခေါ်သွားလေသည်။

လွန်ခဲ့သော နှစ်နှစ်ကျော် သုံးနှစ်လောက်က ပထမအကြိမ်ခေါ် သွားစဉ်တုန်းက ကိုအေးမောင်၏ အခြေအနေမှာ မဆိုးလှသေးချေ။ သူ့ဘာသာသူ လမ်းလျှောက်နိုင်၊ လေ့ကား အတက်အဆင်း လုပ်နိုင်၊ ဆရာတော်ရှေ့မှာ ဒူးတုပ်ထိုင်ကာ ကန်တော့နိုင်သေးသည်။

ဆရာတော်ကို လူမမာအတွက် ကျွန်တော် ရှေးဦးပြုစုခဲ့ပုံ အကြောင်း လျှောက်ထားသည်။ ဆရာတော်က ပြုံးပြီး အဓောဝါတ (၂) တိုက်ခဲ့ခြင်းက မမှား၊ အရေးပေါ် သက်သာစေမည် ဖြစ်သည်။ လက်ဖက်ကျွေးခြင်းက မှန်သည်။ နှလုံးဆေး တိုက်ခဲ့ခြင်းကိုတော့ မမှန် စသည်ဖြင့် ဝေဖန်သုံးသပ်ပြပါသည်။ ထို့နောက် လူမမာ အားဖြစ်စေရန် ရတ္တပိတ်ဆေးကို ပေးသည်။ သည့်ပြင် ဘာဆေးပေးသည်ဟု ကျွန်တော် မမှတ်မိပါ။ သို့သော် တစ်ခုတော့ ကောင်းစွာမှတ်မိနေသည်။ ကေရာဇ် မြစ်ကိုသွေးပြီး ဆန်ဆေးရည်နှင့် တိုက်ရမည်။ ကေရာဇ်ရွက်ကို သုပ်စား လိုစား၊ တို့စားလို စားရမည်စသည်ဖြင့် ညွှန်ကြားပါသည်။

အရက်သမား ကိုအေးမောင်သည် ကေရာဇ်ပင်အကြောင်းကို

mgyoe.com

mgyoe.com

ကောင်းကောင်းသိသည်။ တစ်ခါတုန်းက အိမ်တစ်အိမ်မှာ ကိုအေးမောင်သည် အရက်ဝိုင်းဖွဲ့နေစဉ် ဇေကရာဇ်ပင်ကို မြင်သွားသည်ဆို၏။ ထိုအခါ ကိုအေးမောင်သည် အရက်ဝိုင်းမှထကာ ဓားတစ်ချောင်းယူ၍ "မအေ... ဇေကရာဇ်၊ တို့ကို အမူးပြေအောင် လုပ်တဲ့ဇေကရာဇ်၊ လုပ်ဦးကွာ လုပ်ဦးကွာ" ဟု ဆဲရေးရင်း ဓားဖြင့်ခုတ်ပစ်သည်ဟု ဆိုပါသည်။

ယခုတော့ အရက်နာရောဂါသည် ကိုအေးမောင်သည် ဆရာတော် ညွှန်ကြားသည့်အတိုင်း ဆေးများကို မှီဝဲရုံမက ဇေကရာဇ်ကိုပါ မှီဝဲ၍ နေရလေပြီ။

သို့ဖြင့် ကိုအေးမောင်သည် အရက်နာ ကောင်းစွာ ပျောက်ကင်းသွားလေသည်။ ဤသည်ကား အရက်သမား ကိုအေးမောင်အား သိမ်ဖြူဆရာတော်နှင့် ပထမအကြိမ် ကုသပေးခြင်းတည်း။

❒

mgyoe.com

mgyoe.com

# အခန်း (၄)
# စံပြအလုပ်သမ မလှရီ

ကိုအေးမောင်သည် တော်တော် လျင်မြန်စွာပင် နာလန်ထလာလေသည်။

သူသည် ကောင်းကောင်း စားနိုင်လာ၏။

မလှရီကလည်း သူ့လင် စားလိုသမျှ စားကောင်းသောက်ဖွယ်များကို မပျင်းမရိ မညည်းမညူ ချက်ပြုတ်ကျွေး၏။

အံ့သြစရာကောင်းသော မလှရီ။ ကျွန်တော်တို့ မိသားစုအတွက် ချက်ပြုတ်ပြီးသွားသောအခါ ကိုအေးမောင်အတွက် သီးသန့် ချက်ပြုတ်ပြန်လေသည်။

မလှရီသည် အိမ်ထောင်နှစ်ခု၏တာဝန်ကို တစ်ပြိုင်နက်တည်း ထမ်းရွက်နေသည်ဟု ဆိုနိုင်သည်။ မလှရီ၏ နေ့စဉ်လုပ်ငန်းမှာ ဈေးဝယ်ခြင်း၊ ထမင်းချက်ခြင်း၊ ထမင်းကျွေးရခြင်း၊ အဝတ်လျှော်ခြင်း၊ မီးပူတိုက်ခြင်း စသည်တို့ဖြစ်သည်။ ဈေးဝယ်သောအခါ သူ့လင်အတွက် သီးခြားဝယ်ခဲ့သည်။ ထမင်းချက်သောအခါ သူ့လင်အတွက် သီးခြား ဟင်းတစ်ခွက် နှစ်ခွက်ကို ချက်သည်။ ပြီးတော့ သူ့လင်ကို သီးခြားကျွေးမွေး

mgyoe.com

ပြုစုသည်။

ကျွန်တော့်ကလေးများ ငယ်စဉ်တုန်းကဆိုလျှင် ကလေးထိန်း သတ်သတ်ရှိသည့်အခါ ရှိသော်လည်း သူပင် များသောအားဖြင့် ကလေး ထိန်းသည်။ ယခု သူတို့ကြီးလာတော့လည်း မလုရီ၏အပြုအစုကို ခံကြ တုန်းပင်။ ကလေးတွေက ထမင်း သီးခြားစားကြသည်။ သူတို့ ဘာသာ ခူးခပ် မစားကြ။ မလုရီက ခူးခပ်ပြီး စောင့်ကျွေးသည်။ ပြီးတော့ သူ ကိုယ်တိုင် ဆေးရကြောရမှ ကျေနပ်သည်။ ကျွန်တော်တို့ လင်မယားကို လည်း မလုရီကပင် ခူးခပ်ကျွေးသည်။ ကိုယ်တိုင် ဆေးကြောရမှ ကျေနပ် သည်။ ကျွန်တော်က ကိုယ်စားသောပန်းကန်ကို ကိုယ့်ဘာသာ ဆေးဖို့ ကြိုးစားတိုင်း သူက အတင်းဆွဲယူကာ ဆေးတတ်သည်။

သူများတွေ စားနေချိန်တွင် မလုရီသည် ဘေးက ထိုင်စောင့်နေ တတ်၏။

ဤမျှလောက် ကျွန်တော်တို့အိမ်မှာ အလုပ်များနေသည့်ကြားထဲ မှ 'ကြေး (ဂျီး) များ' သော ကိုအေးမောင်ကို ကျေနပ်အောင် ပြုစုနိုင်သူ ဖြစ်ပေသည်။

ယခု ကိုအေးမောင် အရက်ဖြတ်လိုက်သဖြင့် မလုရီသည် များစွာ ဝမ်းသာအားရဖြစ်သွားပြီး အထူးစိတ်တက်ကြွစွာနှင့် ကိုအေးမောင်ကို ပြုစုလေသည်။ ကိုအေးမောင်ကလည်း ကြက်မြစ် ကြက်သည်းချက်လျှင် အူပါစားချင်သည်။ အူကို သန့်စင်အောင် လုပ်ရသည်မှာ လက်ဝင် လှ၏။ ကိုအေးမောင်သည် ငါးဘဲဖြူဆိုသော ငါးကလေးတွေကို အိုးကပ် ချက်ထားလျှင် ကြိုက်လှသည်။ ငါးဘဲဖြူကို သန့်စင်ရသည်မှာ ကြက်အူ ကို သန့်စင်ရသည်ထက် လက်ဝင်၏။ ကိုအေးမောင်သည် ပဲကြီးလှော်ကို သည်တိုင်းမစားချင်၊ ဆီဖြင့် ထပ်ကြော်ထားသည်ကိုသာ စားချင်သည်။ မလုရီသည် အလုပ်ပိုသည်ဟု သဘောမထား။ ကိုအေးမောင် ကြိုက် တတ်သမျှ လိုက်လုပ်ပေး၏။ မလုရီ အလိုလိုက်ထားသော ကျွန်တော့် သားသမီးများကလည်း ကြက်အူပါသော ကြက်မြစ် ကြက်သည်းချက်၊ ငါးဘဲဖြူအိုးကပ်ချက် စသည်တို့ကို ကြိုက်တတ်နေလေရာ သူတို့ အတွက်ပါ အပိုထည့်ချက်ပေးရတတ်လေသည်။

mgyoe.com

mgyoe.com


ကိုအေးမောင် အရက်ဖြတ်လိုက်သဖြင့် ပိုက်ဆံကုန်သက်သာသွားလေရာ မလှရီသည် "စားတာက ဒီလောက်မကုန်ပါဘူး" ဟု ဆိုကာ ကိုအေးမောင် စားလိုသမျှကို ကြံဖန်ချက်ပြုတ်၍ ကျွေးနေလေသည်။

သို့ဖြင့် ကိုအေးမောင်သည် လျင်မြန်စွာ နာလန်ထလာ၏။ ဝဖြိုးလာ၏။ နံနက်စောစောထပြီး (ကျွန်တော် ကျန်းမာရေးလေ့ကျင့်ခန်းလုပ်သလို) သူတို့အိမ်တန်းလျားမှာ စင်္ကြံလျှောက်၏။ ထို့နောက် သူသည် ကျွန်တော်တို့ ဝင်းခြံတစ်ခုလုံးကို မတ်တတ်တံမြက်စည်းကြီးဖြင့် အမှိုက်လှည်းလေသည်။

လွန်ခဲ့သော လေးငါးနှစ်အတွင်း ကိုအေးမောင်သည် အရက်ဖြတ်လိုက်၊ ပြန်သောက်လိုက် အကြိမ်ကြိမ်လုပ်ရာ အရက်ပြတ်၍ လူကောင်းဖြစ်လေတိုင်း နံနက်စောစောထ၊ စင်္ကြံလျှောက်ပြီး တံမြက်စည်းလှည်းလေရာ လှည်းသံ မကြားရဘူးဆိုလျှင် ကျွန်တော် စိုးရိမ်တကြီး ဖြစ်ရလေသည်။ "မလှရီရေ... ကိုအေးမောင် မနေ့က သောက်လာပြန်ပြီလား" ဟု မေးရလေတော့၏။

သည်တစ်ချီတော့ ကိုအေးမောင် တကယ်နောင်တရသွားပြီဟု ထင်ပါသည်။ သူနှင့်အတူ အသောက်ကြူးသော သူ့မိတ်ဆွေနှစ်ယောက် တံတားကလေး စိတ္တဇဆေးရုံတက်၍ အရက်ဖြတ်ရသည်။ အရက်ဖြတ်ရင်း အလူးအလဲခံရပြီး တစ်ယောက်က သေသွားခဲ့သည်။ နောက် တစ်ယောက်ကတော့ အသက်မသေ ကျန်ရစ်ကာ အရက်ပြတ်သွားသည်။ ထိုသူကတော့ ကိုအေးမောင်အား ဆရာဝန်က သတိပေးမှာကြားလိုက်ပုံကို ပြန်ပြောပြလေသည်။ "နောက်ထပ်သောက်လို့ ရောဂါထပ်ဖြစ်ရင် ကုလို့ရမှာ မဟုတ်ဘူး၊ သေမှာပဲ" ဟူသတည်း။

ကိုအေးမောင်သည် မမူးလျှင် မလှရီကို ကြင်နာသမှုများ ပြသတတ်၏။ ယင်းတို့အနက် တစ်ခုမှာ မလှရီကို ရုပ်ရှင်ပြခြင်း ဖြစ်လေသည်။

ကိုအေးမောင်ကလည်း မမူး၊ မလှရီကလည်း နေထိုင်မကောင်းဖြစ်နေပြန်လျှင် သူသည် ကြင်နာသမှုများ ပိုပြ၏။ မလှရီကို ပြုစုရုံမက မလှရီ လုပ်လေ့လုပ်ထရှိသော အလုပ်တချို့ကို သူ ဝင်လုပ်၏။ ဟင်း

mgyoe.com

mgyoe.com

မချက်တတ်သော်လည်း ထမင်းတစ်အိုးတော့ ချက်တတ်သဖြင့် သူ ဝင်ချက်၏။ မီးပူမတိုက်တတ်သော်လည်း အဝတ်တော့ လျှော်တတ်သဖြင့် သူပင် ဝင်လျှော်၏။

ထိုတစ်ကြိမ် အရက်အကြာကြီးပြတ်စဉ် ကိုအေးမောင်နှင့် မလှရီ အကြိမ်ကြိမ် မြို့ထဲသွား၍ ရုပ်ရှင်ကြည့်ကြလေသည်။

ရုံးစာရေးကြီး ကိုအေးမောင်သည် ဘယ်ရုံးစာရေးနှင့်မှ မတူအောင် သန့်ရှင်းလှသည်။ သူ့အဝတ်အစားများမှာ ချည်အင်္ကျီ ချည်ပုဆိုးပင် ဖြစ်သော်လည်း ကောင်းစွာဖွပ်လျှော်၍ ကောင်းစွာ မီးပူတိုက်ထားသည်။ ပုဆိုးအကွက်တွေက ပေါ်လွင်လှသည်။ အပေါ်အင်္ကျီကို ကျကျနန သပ်သပ်ရပ်ရပ် ဝတ်ထားသည်။ သူ့အရုပ်အမောင်းက ကောင်းသည့်အထဲ ယခုလို အသားအသွေး ပြည့်ပြည့်ဝဝ စိုစိုပြည်ပြည် ဖြစ်လာသောအခါ ကိုယ်လုံးကိုယ်ထည်ကလည်း ကောင်းလာသည်။

သူ့ဘေးက မလှရီကိုလည်း ကြည့်ပါဦး။ အိမ်မှုရေးရာ အလုပ်သမဖြစ်သဖြင့် များသောအားဖြင့် တော်ရိလျော်ရိ ဝတ်စားဆင်ယင်နေလေ့ရှိသော မလှရီသည် တောက်တောက်ပြောင်ပြောင် ဝတ်ဆင်ထားသည်။ ပါတိတ်လုံချည် အဆင်ခံ့ခံ့နှင့် ဖြစ်သည်။ သနပ်ခါးတွေ ဘာတွေ လိမ်းထားသည်။ မလှရီသည် နဂိုအသားကဖြူပြီး ဝဝစိုစိုဖြစ်သဖြင့် ယခုလိုဝတ်ဆင်ထားသောအခါ များစွာခံ့ညားတင့်တယ် နေလေသည်။ ဤလို ဝတ်စားဆင်ယင်ထားသောအခါမျိုး၌ ကိုအေးမောင်က မလှရီကို "မြင့်မြင့်ဌေးကြီးနှင့် တူတယ်" ဟု ဆိုတတ်သည်။ (တစ်ခါက ကြည်ကြည်ဌေးနှင့်အတူ နာမည်ကြီးခဲ့သော ပြဇာတ်မင်းသမီးကြီး မြင့်မြင့်ဌေးကို ဆိုလိုပါသည်။) ကျွန်တော့်သားကြီး မောင်ဟသ်ာကတော့ "ဒေါ်ဒေါ်က ဆရာမကြီးနဲ့ တူတယ်ဗျ" ဟု ဆိုပါသည်။

ယခု သူတို့လင်မယား ရုပ်ရှင်ကြည့်သွားကြသည်ကို ကြည့်ရင်း ကျွန်တော်သည် ကိုအေးမောင်နှင့် မလှရီတို့ တွေ့ဆုံ၊ ချစ်ကြိုက်၊ ညားကြပုံကို အတိတ်ဆောင် စဉ်းစားနေမိပါသည်။

အနှစ် ၃၀ ကျော်၊ ၃၅ နှစ်လောက် ရှိသွားလေပြီ။

ဂျပန်ခေတ်ကပါ။

mgyoe.com

mgyoe.com


ဂျပန်တွေမဝင်မီက ကိုအေးမောင်သည် ပထမအကြိမ် အိမ်ထောင်ကျဖူးခဲ့သည်။ သူ့ပထမဇနီး၏အမည်မှာ မစောလှ ဟူသတည်း။

ထိုစဉ်က ကိုအေးမောင်သည် သူ့အဖေ ဦးဘဒင်နှင့်အတူ လယ်ယာမြေ ၁၅ ဧကတွင် စိုက်ပျိုးရေး လုပ်နေလေသည်။ အဖေဖြစ်သူ ဦးဘဒင်သည် သူ့ကိုယ်သူ အဖတ်ဆယ်ရန် (အသောက်အစား အသုံးအဖြုန်းလျှော့ရန်) နှင့် ကိုအေးမောင်၏အဘိုး မြို့စာရေးခင်၏ ကြွင်းကျန်နေသေးသော လယ်ယာချောင်းမြောင်းနှင့် ပစ္စည်းဉစ္စာတို့ကို ပြန်လည်ထူထောင်ရန် ကြိုးပမ်းနေချိန် ဖြစ်လေသည်။ သားကြီးဖြစ်သူ ကိုအေးမောင်က ဖခင် ဦးဘဒင်အား ကူညီရ၏။ လက်ကြောတင်းအောင် မလုပ်ချင်သော၊ ကျွဲနွားများနှင့် ဖက်မရုန်းချင်သော ကိုအေးမောင်အား ဦးဘဒင်က "လယ်ယာလုပ်ငန်း မလုပ်ချင်လို့ မဖြစ်ဘူး။ မင်းပညာကလည်း စကောစကနဲ့။ ပြီးတော့ ကိုယ်တိုင်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်တတ်မှ ကိုယ့်သီးစားသမားတွေနဲ့ စာရင်းငှားတွေကို ခိုင်းတတ်မယ်။ အုပ်ချုပ်နိုင်မယ်" စသည်ဖြင့် ပြောဆိုသိမ်းသွင်း နေရလေသည်။

ကိုအေးမောင်သည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကိုကား ဖြစ်မြောက်စွာ မလုပ်နိုင်။ ကျေးလက်တောရွာများ၊ လယ်ယာ ချောင်းမြောင်းများကြားမှာ လှုပ်ရှားသွားလာရင်း၊ သောက်စားမူးယစ်ရင်း 'ကျွန်ကုလား၊ မယားတောသူ' ဟူသော ဆောင်ပုဒ်ကို ရေရွတ်ရင်း ချောင်းကုန်းရွာမှ လယ်သူမကလေး မစောလှနှင့် တွေ့ဆုံ ချစ်ကြိုက် ညားလိုက်လေသည်။ သို့သော် မစောလှမှာ လူ့ပြည်တွင် ကြာရှည်မနေလိုက်ရ။ တစ်နည်းဆိုသော် ကိုအေးမောင်၏ အမူးသမားဒဏ်ကို ကြာရှည် မခံလိုက်ရ။ ဝင်းဝင်းဆိုသော သမီးကလေးတစ်ယောက် ဖွားမြင်ပြီးနောက် ကိုးလအကြာတွင် မစောလှ ကွယ်လွန်သွားခဲ့လေသည်။

ကမ္ဘာစစ်ကြီးသည် အရှေ့ဘက်သို့ ကူးစက်လာခဲ့၏။ ဖက်ဆစ်ဂျပန်သည် လိပ်၊ ကန်၊ သစ် မဟာမိတ်တို့၏ အရှေ့ဖျားနယ်မြေများကို အလစ်ဝင်တိုက်ခြင်းဖြင့် အာရှနှင့် ပစိဖိတ်စစ်ပွဲကြီးကို စတင်လိုက်လေသည်။ နောက်များမကြာမီ ရန်ကုန်မြို့ ဗုံးကြဲခံရသည်။ ထို့နောက် အတန်ကြာတော့ ဂျပန်စစ်တပ်များ မြန်မာပြည်တွင်းသို့ ချင်းနင်း ဝင်

mgyoe.com

mgyoe.com

ရောက်လာလေသည်။

ထိုအချိန်တွင် ကိုအေးမောင်သည် အသက် ၃၀ နီးနေလေပြီ။ သို့သော် ဘဝရပ်တည်ချက် ခိုင်ခိုင်မာမာ မရှိသေး။ ဇီးကုန်း ထန်းတပင် တစ်ဝိုက်တွင် အဖေနှင့် တွဲလုပ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းက မအောင်မြင်။ မန္တလေးသို့သွား၍ သူ့အမေဘက်က အမျိုးများနှင့်အတူ ကူးသန်းရောင်းဝယ်ရေး လုပ်သည်။ သူ့အမေဘက်က အမျိုးများသည် မန္တလေးမြို့ ဝါးတန်းတွင် ထင်ရှားသော ကုန်သည်၊ ပွဲစားများ ဖြစ်ကြသည်။ သူတို့ထဲမှ တစ်ပြည်လုံးကျော်ကြားသော သူဌေးတစ်ဦးပင် ပေါ်ပေါက်ခဲ့လေသည်။ မန္တလေးတွင် ကူးသန်းရောင်းဝယ်ရေးလုပ်သော်လည်း ကိုအေးမောင်သည် စီးပွားရေး ခြေကုပ်စခန်း မရခဲ့ချေ။

စစ်ကြီးသည် မန္တလေးသို့ ရောက်လာသည်။ ကိုအေးမောင်နှင့် အမျိုးများ မင်းကွန်းဘက်သို့ စစ်ပြေးလာခဲ့ရ၏။

မိတဆိုးသမီးကလေး ဝင်းဝင်းကား အဘွားလက်ထဲမှာ အဘွားကို အမေထင်၍သာ ကြီးပြင်းလာရရှာလေသည်။

မဟာမိတ်တပ်များသည် 'အောင်မြင်စွာ ဆုတ်ခွာရေး' ဟူသော နည်းဗျူဟာကို လက်ကိုင်ပြု၍ တစ်နေရာပြီး တစ်နေရာမှ ဆုတ်ခွာလျက်ရှိ၏။ ကူမင်တန် တရုတ်တပ်များကသာလျှင် 'အောင်မြင်စွာ ဆုတ်ခွာရေး' ကို အကာအကွယ်ပေးသောအားဖြင့် ရှေ့သို့ ချီတက်လာသော ဂျပန်များကို ရင်ဆိုင်ခုခံ တိုက်ခိုက်နေလေသည်။ မန္တလေးမြို့ ကျသွားသောအခါမှာမူကား မဟာမိတ်တပ်များနှင့် မြန်မာပြည်အစိုးရတို့ အိန္ဒိယပြည်သို့ သူ့ထက်ငါ ဦးအောင်ထွက်ပြေးရေးသာ အဓိကရည်မှန်းချက် ဖြစ်နေလေသည်။

မန္တလေး – မြစ်ကြီးနား မီးရထားလမ်း၊ ရောဝတီ – ချင်းတွင်း သင်္ဘောလမ်းများနှင့် ရွှေဘို – ကသာ၊ ကသာ – ဗန်းမော်၊ ကောလင်း– ပင်လည်ဘူး၊ ရေဦး – ကလေးဝ၊ ကလေးဝ – တမူး စသော ကုန်းလမ်းများသည် အောင်မြင်စွာ ဆုတ်ခွာသော မဟာမိတ်တပ်များ၊ ထွက်ပြေးသော မြန်မာပြည်အစိုးရ၏ ရာထမ်းမှုထမ်းများ၊ အိန္ဒိယ – မြန်မာစစ်ပြေးဒုက္ခသည်များ၊ ခုခံရင်း ဆုတ်ခွာနေသော တရုတ်တပ်များ စသည်တို့ဖြင့်

mgyoe.com

mgyoe.com


ပြည့်ညပ်နေလေသည်။

စစ်ကိုင်း၊ ရွှေဘို၊ ထန်းတပင်၊ ဇီးကုန်း၊ ကောလင်း၊ ဝန်းသို၊ မဲဇာ၊ နဘားစသော မြို့ရွာများတွင် မဟာမိတ်တပ်များနှင့် စစ်ပြေး ဒုက္ခသည်များ စွန့်ပစ်ထားခဲ့သော လက်နက်ခဲယမ်းများ၊ စားနပ်ရိက္ခာပစ္စည်းများ၊ အဝတ်အထည်၊ အခြားလူသုံးပစ္စည်းများနှင့် ရောင်းကုန်ပစ္စည်းများကို 'ပုံသကူပစ္စည်း' သဖွယ် တွေ့နိုင်လေသည်။

စစ်ကြောင်းရောက်နေပြီဆိုလျှင် ဆားရောင်ထွက်ပြေးနေကြသော ပြည်သူတို့သည် စစ်ကြောင်းလွန်သွားသည်နှင့် တစ်ပြိုင်နက် မှောင်ထဲမှ အလင်းသို့ ထွက်လာကြကာ အထက်ပါပစ္စည်းများကို သိမ်းယူကြ၏။ နောက်က ထက်ကြပ်မကွာ လိုက်ပါလာသော ဂျပန်များသည် ရန်သူကို မဲတိုက်နေရသဖြင့် လည်းကောင်း၊ ရန်သူ၏ လက်နက်ခဲယမ်းများကို သိမ်းဆည်းရေးကို အဓိကထားနေသဖြင့် လည်းကောင်း မဟာမိတ်တို့ စွန့်ပစ်ထားသော ပစ္စည်းအများအပြားကို လက်လွှတ်ထားခဲ့ရလေသည်။ ဂျပန်တို့က ယင်းတို့ကို နောက်မှ ပြန်သိမ်းရန် ရည်ရွယ်သော်လည်း ပြည်သူတို့က လက်ဦးမှုရသွားလေပြီ။

ပြည်သူတို့သည် ကောက်ရသော လက်နက်အချို့ကို တစ်နေ့ တစ်နည်းနည်း အသုံးချရန် သိုဝှက်ထားကြ၏။ ကျန်အများအပြားကို ကား သက်ဆိုင်ရာ အာဏာပိုင်များ (ဂျပန်စစ်တပ်နှင့် ဘီအိုင်အေခေါ် ဗမာ့တပ်မတော်နှင့် ဘီအိုင်အေ အုပ်ချုပ်ရေးအဖွဲ့) လက်သို့ အပ်ကြလေ သည်။ စားနပ်ရိက္ခာနှင့် အခြားလူသုံးကုန်ပစ္စည်းများကိုကား သူတို့ သုံးလိုသလောက် သုံးပြီး ပိုသမျှ ကုန်သည်ပွဲစားများထံသို့ ရောင်းချ ကြလေသည်။ မဟာမိတ်တွေအပြေး၊ ဂျပန်တွေအဝင် ခေတ်ပျက်ကြီး တွင် အထက်ဖော်ပြပါ နည်းများအတိုင်း ပြည်သူတို့လမ်းပေါ်မှ ကောက် ရသော ကုန်ပစ္စည်းများကို ပြည်သူတို့လက်မှ တစ်ဖန် လိုက်ကောက်ဝယ် ကာ တစ်ဆင့်ရောင်းချ စားသောက်ကြသော ကုန်သည် ပွဲစားလူတန်းစား အလွှာသစ်တစ်ရပ် ပေါ်ပေါက်လာလေသည်။ ကိုအေးမောင်သည် ယင်း လူတန်းစားအလွှာထဲသို့ ဝင်ရောက်လာလေသည်။ ယင်းအဖြစ်အပျက် သည်ပင်လျှင် မလှရီနှင့် တွေ့စေရန် ဖူးစာက ဖန်လာသည့်နှယ် ရှိချေ

mgyoe.com